

သမုဒ္ဒယနွယ်

# တရားမဝင်ဇနီး

# အခန်း(၁)

တိတ်ဆိတ် အေးချမ်းနေသည့် သုသာန်ထဲမှာ အနက်ရောင် ဝတ်စုံ ဖြင့် ကောင်လေး တစ်ယောက် အဖြူရောင် အုတ်ဂူနှစ်ဂူ ရှိရာသို့ ပန်းစည်းနှစ်စီးကို ကိုင်ရင်း ခြေလှမ်းလေးလံစွာ လျှောက် လာလေသည် ။ အုတ်ဂူဖြူဖြူလေးထံသို့ ရောက်သောအခါ ဝမ်းနည်း ကြေကွဲနေဟန်ဖြ င့် ယောကျ်ားတန်မယ့် မျက်ရည်တွေဝဲရစ်စွာ သူ အံ့ကြိတ်လို့ နေလေ၏။ ထိုအုတ်ဂူဖြူဖြူ နှစ်ဂူသည် ကား သူ သိပ်ချစ်ရသည့် အစ်ကိုဖြစ်သူ ရန် ဘက်ကင်းနှင့်မရီးဖြစ်သူ ဆုမြတ်ကို တို့ ပင်တည်း။

"ကိုကို နဲ့ မမ ... ဆုံးတာ ဒီနေ့ဆို ၁နှစ်ပြည့်ခဲ့ပြီနော်။ ကိုကိုတို့ က တမလွန်မှာ အခြေချနိုင်ပြီ ဖြစ်ပေမယ့် ကျွန်တော် ခုထိ ကိုကိုတို့ ဆုံးခဲ့ တယ် ဆိုတာကို အတည်မပြုနိုင်သေးဘူး ကိုကို ဘာလို့ ညီ့ဘဝထဲကနေ အစောကြီး ထွက်သွားခဲ့ရတာလဲ ကိုကို မတရားဘူးဗျာ ... ကိုကို ပြော တော့ ညီ့အနားမှာ အမြဲ ရှိနေပေးမယ်ဆို ... ဖေဖေ ဆုံးသွားတုန်းက ကို ကို ကတိပေးခဲ့တယ်လေ။ ဖေဖေ မရှိလဲ ကိုကို ရှိတယ်နော်တဲ့ ။ အဟက် ... ကိုကို လိမ်ညာခဲ့မယ်မှန်း မထင်မိခဲ့ဘူး ... "

ပြိုင်ဘက်ကင်း နာကျင်စွာ ရယ်မောရင်း မဲ့ပြုံးပြုံးလိုက်၏။ ရန်ဘက်ကင်း ဆိုသည့်သူက သူ သိပ်ချစ်ရသော အစ်ကိုရင်း တစ် ယောက် ဖြစ်သည် ။ လွန်ခဲ့သော တစ်နှစ်ကျော်ခန့်က ကားအက်စီးဒင့် ကြောင့် သူ၏ အစ်ကိုဖြစ်သူ ဇနီးမောင်နှံ နှစ်ယောက်စလုံး မရှုမလှ သေ

ဆုံးသွားခဲ့ရသည် ။ ကံကောင်းသည် ကား သူ၏ တူမလေးဖြစ်သူ မြတ်နိုးရန် အသက်ရှင် ကျန်ရစ်ခဲ့ခြင်းပင် ဖြစ်သည် ။ သို့သော်လဲ သူ၏ အစ်ကိုနဲ့ မရီး ဖြစ်သူတို့ လောကကြီးကို လက်ပြနှုတ်ဆက် ခဲ့လေ၏။ ဤသည် ကား မဆင်မခြင် မောင်းနှင်လာသော Taxi သမားတစ်ဦး ကြောင့်ပင် ဖြစ်သည် ။ ထိုTaxi သမားကြောင့် သူ၏ ချစ်ရသောသူ နှစ်ဦးစလုံး သေပွဲဝင်ခဲ့ရသည် ။ ထိုသူသည် လဲ ထိုအက်စီးဒင့် အဖြစ်အပျက်ကြောင့်တင် သေဆုံးခဲ့သည် တဲ့ ။ သို့သော်လဲ ထိုသူအား သူမကျေနပ်နိုင်။

"မနေ့က အဖြစ်အပျက် တစ်ခုလိုပဲ၊ ကျွန်တော့် ဦးနှောက်မှာ ရော နှလုံးသားမှာ ရော သံမှိုတစ်ခုလို စွဲကပ်နေတယ်။ ကိုကို့ရဲ့ သွေးစက်တွေ ကျွန်တော့်လက်မှာ ပေကျံနေတုန်းပဲလို့ ခံစားမိတယ် ... ကိုကို မဆုံးခင် တူမလေး မြတ်နိုးရန်ကို စောင့်ရှောက်ပေးပါလို့ ကျွန်တော့်ကို မှာ ကြားခဲ့သလို ကိုကို့အတွက် တန်ပြန်သက်ရောက်မှု ရအောင် ကျွန်တော် လုပ်ပေးပါ့မယ်လို့ ကတိပေးတယ် ... ဟုတ်တယ် ကျွန်တော်တို့ တစ်မိသားစုလုံး နှလုံးသား အစိတ်စိတ်အမွှာမွှာ ဖြစ်ခဲ့ရသလို သူ့ရဲ့ မိသားစုကိုလဲ အစိတ်စိတ် အမွှာမွှာ ဖြစ်သွားအောင် ပြန်ကလဲ့စား ချေရမယ်။ ဒါကျွန်တော့်ရဲ့ မပြယ်နိုင်တဲ့ သစ္စာစကားပဲ ကိုကို "

မုန်းမာန်မပြေသည့် ရန်ငြိုးမျက်လုံး စူးစူးလေးဖြင့် အကြည့်ကို အဝေးသို့ ပို့ကာ သူ လက်သီးကို ကျစ်အောင် ဆုပ်ထားလေ၏။ ဒီအမုန်းတရားတွေ ဘယ်သောအခါမှ ပျက်ပြယ်သွားမည် မဟုတ် ... သံသယဆိုတာ ကျင်လည်နေသရွေ့ တန်ပြန် သက်ရောက်မှုဆိုတာ ဆက်တည် ရှိနေဦးမှာ ပါ။

"မဟူရာ စံအိမ် " ...

ညှော့ခန်းထဲက နူးညံ့အိစက်နေသည့် ဆိုဖာပေါ်မှာ ပြိုင်ဘက်ကင်း ဆိုသူတစ်ယောက် ခြေထောက်နှစ်ဖက်ကို ချိတ်တင်ထားကာ ကျကျနန ခန့်ညားစွာ ထိုင်လို့ နေလေ၏။ ထိုစဉ် သူ့အနားသို့ လူတစ်ယောက် ရောက်လာကာ သူ့ထံ စာအိတ်အမဲလေး တစ်လုံးကို ဦးညွှတ်စွာ ကမ်းပေးလာ၏။ သူသည် လဲ စာအိတ်ကို ဖြတ်ခနဲ လှမ်းယူလိုက်ပြီး ထိုသူအား သူ့အနားကနေ ပြန်ထွက်သွားပေးရန် အကြည့်ဖြင့် အမိန့်ပေးလိုက်သည် ။ ထိုသူလဲ သူ့အား အရိုအသေပေး၍ သူ့ရှေ့ကနေ ခေါင်းငုံ့ကာ ပြန်ထွက်သွားလေ၏။ ထို့နောက် သူစုံစမ်းခိုင်းထားသည့် အကြောင်းအရာများ ပါဝင်နေသည့် စာအိတ် အမဲလေး တစ်လုံးကို သူ ဖွင့်ဖောက်လိုက်ရာ ဓာတ်ပုံအများ စုနှင့် ကိုယ်ရေးအကျဉ်း စာရွက်များ ထွက်ကျလာ၏။ သူ တည်ငြိမ်စွာ ဓာတ်ပုံများကို လှမ်းယူရင်း ဓာတ်ပုံကို အသေအချာ စိုက်ကြည့်လိုက်သည် ။

ထိုဓာတ်ပုံထဲမှာ အမျိုးသမီး တစ်ယောက်က ၃နှစ်သား အရွယ်လောက် ကလေးတစ်ဦးကို မနိုင်မနင်းပွေ့ချီကာ လမ်းဖြန်ကူးနေသည့်ပုံ ဖြစ်သည် ။ ထိုအမျိုးသမီးသည် သူ့ထက် ၃/၄နှစ် အသက် ပိုကြီးပုံထင်ရသလို ဆင်းရဲသည့် လူတန်းစားထဲကမှန်း သိသာလောက်အောင် အရောင်မှိန်နေသည့် ဝမ်းဆက်လေးက သိသာလှ၏။ ပြီးလျှင် ဓာတ်ပုံတွေကို သူ ပစ်ချလိုက်ပြီး သူမ၏ ကိုယ်ရေးအကျဉ်း စာရွက်ကို လှမ်းယူကာ သူ မဲ့ပြုံးပြုံးရင်း ယူဖတ်ကြည့်လိုက်သည် ။

"သမုဒယနွယ် "

သူမ၏ အမည်က ခပ်ဆန်းဆန်းလေးမို့ သံပြိုင်ရေရွတ် ကြည့်လိုက်ရင်း သူမ၏ အကြောင်းစုံကို သိအောင် ဆက်ဖတ်ကြည့်လိုက်၏။ သူမ၏ အမည်ရင်းက သမုဒယနွယ်၊ သူမ၏ အသက်က ၂၈နှစ်၊ ပညာ အရည်အ

ချင်းက ဘွဲ့ရထားသည် ဟု ပင် ဖော်ပြထားသလို သူမ အလုပ်အကိုင်က ရေရေရာရာမရှိ။ သူမက အသက်ငယ်မုဆိုးမ ဖြစ်သလို သူမ၏ သားအ မည်က သူရိယနွယ် တဲ့ လေ။ ထိုသားအမိအကြောင်းကို သူ ဖတ်ကြည့် နေစဉ် သူ့အနားသို့ ရောက်လာသည့် အနီရောင် ဂါဝန်လေးနဲ့ လှ ချင်တိုင်း လှနေသော တူမလေး မြတ်နိုးရန် ကို တစ်ချက်ကြည့်ပြီး သူ ပြုံးကာ ...

"ဖေငယ် ဆီကို လာတယ်ဆိုတော့ လိုချင်တာ ရှိလို့ ထင်တယ် ဘာ လိုချင် ပြန်ပြီလဲ စနိုးလေး "

တူမလေးနာမည်က မြတ်နိုးရန်ကို အဖျားဆွတ်လေးဖြင့် စနိုးလေး ဟု သာ ခေါ်ဖြစ်ခဲ့သည် ။ တူမလေး ၃နှစ်သား အရွယ်တုန်းက မိဘနှစ် ပါး ဆုံးရှုံးခဲ့ရသည့်အတွက် မိဘမဲ့ ဖြစ်ခဲ့ရသည့် သူမလေးကို ကြင်နာသ နားကာ ဖခင်ထက် မလျော့သည့် အချစ်တွေပိုခဲ့ရင်း သူမ အလိုသမျှကို သူ ဖြည့်ဆည်း ပေးခဲ့လေသည် ။ ထို့ကြောင့် စနိုးလေးက အနည်းငယ်မျှ ဆိုးချင်နေလေသည် ... သို့ပေမယ့် သူ၏ စကားကို နားထောင်ကာ လိုက်နာသည့်အတွက်မို့ သူ ဆိုးခွင့်ပေးထားလိုက်၏။ အရွယ်နဲ့ မလိုက် အောင် စကားလဲတတ်၊ အချွဲလဲ ပိုသောကြောင့် စနိုးလေးကို လူတိုင်း ချစ်ခဲ့ကြ၏။

"မီးငယ် ဘာမှ မလိုချင်ပါဘူး ... ဘွားညို ပြောတော့ မနက်ဖြန်ဆို ဖေငယ် ခရီးသွားရမယ်တဲ့ ဘယ်လောက် ကြာမှာ လဲဟင် ဘယ်တော့ ပြ န်လာမှာ လဲ မီးငယ်ဆီ ပြန်လာမယ် မဟုတ်လားဟင် ... မီးငယ်ကို ဖေ ငယ် မထားခဲ့ပါနဲ့ နော် ဟီး ဟင့်"

"ငိုတာ ဖေငယ် မကြိုက်ဘူးလို့ ပြောထားတယ် မဟုတ်လား၊ ဖေ ငယ်က ဘာလို့ စနိုးလေးကို ထားခဲ့ရမှာ လဲ ... အခုက အလုပ်ကိစ္စနဲ့

သွားတာလေ စနိုးရဲ့ ... ဖေငယ် ပြန်လာမှာ ပေ့ါ ဒါပေမဲ့ အချိန်တော့ နည်းနည်းကြာမယ် အဲဒီအတောအတွင်း ဒီအိမ်ကို စနိုး စောင့်ရှောက်ရ မယ်နော် ... ပြောစကားလဲ နားထောင် ... မဆိုးရဘူး ဟုတ်လား "

"ဟင် ဖေငယ်က ဘယ်လောက်တောင် ကြာမှာ လဲ"

"အများ ဆုံး ၁လလောက်ပါပဲ ... အဲဒီရက်တွေထဲမှာ လဲ ဖေငယ် စနိုးလေး ဆီကို တစ်ပတ်တစ်ခါ ပြန်လာပေးမယ်လေ"

"မီးငယ် ဒီမှာ တစ်ယောက်တည်း နေခဲ့ရမှာ ပေ့ါ "

"ဘွားညိုတို့ ရှိတယ်လေ၊ ပြီးတော့ မိဝေ တို့ လဲရှိတယ်။ ဒါတောင် တီတီယွန်းနဲ့ တီတီ ငွေ့ရည်နှင်းဖွဲ့ တို့ လဲ လာစောင့်ရှောက်ပေးလိမ့် မယ် သူတို့ ကို ဖေငယ် မှာ ထားတယ်လေ"

"ဖေငယ့်ကိုပဲ လိုချင်တာ ... ဒါဆို ဖေငယ် ခရီးမသွားခင် ဖေငယ်နဲ့ အတူ အိပ်မယ်နော် ... မီးငယ် သေးမပေါက်ချဘူးလို့ ကတိပေးတယ် မီးငယ်ကို လိုပါနော် ... နော် "

"အွန်း ... ဖေငယ် ခွင့်ပြုပါတယ် မီးငယ် သဘော "

"ဟေး ... ဖေငယ်နဲ့ အတူ အိပ်ရတော့မယ် ကျေးဇူး ... ဖေငယ့်ကို အ ရမ်းချစ်တယ် ဒါဆို ... မီးငယ် သွားတော့မယ်နော် "

"အွန်း "

သူ ခေါင်းညိတ်ပြလိုက်တော့ စနိုးလေးက ခုန်ပေါက်ကာ သူ့အနား ကနေ ပျော်ရွှင်မဆုံး ထွက်ပြေးသွားလေသည် ။ တူမလေးဖြစ်သူကို ကြ ည့်ရင်း ငယ်ငယ်ရွယ်ရွယ်နဲ့ မိဘမဲ့ဖြစ်ခဲ့ရသည် ကို တွေးကာ သူ သက်ပြ င်း ချမိ လိုက်လေသည် ။ ထို့အတူ အကြည့်ကို အဝေးတစ်နေရာသို့ ပို့ ကာ နာကျင်စွာ မဲ့ပြုံးပြုံးလိုက်မိသည် ။

"သူပေါ့ ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးမဖြစ်နေတာ။ သူ့ကိုယ်လုံးကိုယ်ပေါက်နဲ့ မသိတဲ့ သူဆို အပျိုလို့ ထင်မိမယ် ထင်တယ် ... ရှယ်ပဲကွာ၊ သူတို့ သားအမိ ဒီလမ်းကို နေ့တိုင်းလိုလို ဖြတ်လျှောက်တာကွ ဒါကြောင့် ငါ ဒီဆိုင်ကို နေ့တိုင်း ထိုင်ဖြစ်နေတာလေ အဟက် "

"ဟုတ်တယ်ကွ၊ ချောတာတော့ အတော်ချောတာ။ ပြောရင်း သရေတောင်ကျ လာပြီ ... အိမ်မှာ မိန်းမသာ ရှိမနေရင် သူ့ကို အပိုင် ခေါ်ထားလိုက်မိမှာ ... ဒီခေတ်မှာ သူ့လို နန်းဆန်တာတွေက ရှားသွားပြီကွ သူက ရှားပါးပစ္စည်းလေး "

လမ်းထိပ်က လက်ဘက်ရည်ဆိုင် တစ်ဆိုင်မှာ သူ ဝင်နားနေရင်း ရပ်ကွက်ထဲကလူ ဖြစ်မည်ထင်ရသော သူတွေရဲ့ စကားတွေကြောင့် သူလဲ အပြင်ဘက်ကို လှမ်းကြည့်လိုက်၏။ ကြက်သွေးရောင် ဝမ်းဆက်ကို ဝတ်ဆင်ထားပြီး အိပ်ပျော်နေသည့် ကလေးငယ် တစ်ယောက်ကို ပွေ့ချီလာရင်း မျက်နှာတစ်ဝိုက်မှာ ချွေးတွေစို့နေသည့် မိန်းကလေး တစ်ယောက်ပေ့ါ။ သူလဲ သူမဆီက အကြည့်ကို ပြန်ရုတ်သိမ်းလိုက်ပြီး စားပွဲထိုးကို လှမ်းခေါ်ကာ ပိုက်ဆံ ရှင်းလိုက်သည် ။ ကျသင့်ငွေကို ရှင်းပြီးသည် နှင့် ဆိုင်ထဲကနေ ထွက်ကာ သူမ၏ နောက်သို့ မသိမသာလေး သူ လိုက်လာခဲ့လေ၏။

"ဒီမှာ ဗျ ... ဒီမှာ ခဏ "

အနောက်ကနေ လှမ်းအော် လာသောကြောင့် သမုဒယနွယ် ခြေလှမ်းတွေ ရပ်တန့်သွားပြီး သားကိုချီလျက်နဲ့ အနောက်ကို လှည့်ကြည့်လိုက်သည် ။ ဆံပင်ကို ဝါထိန်အောင် ဆိုးထားပြီး ဂျင်းဘောင်းဘီကို ကျပ်ချုပ်အောင် ဝတ်ကာ ဂျာကင်အနက်ရောင်နဲ့ ယောကျ်ားလေး တစ်ယောက်က သူမကို သွားပေါ်တဲ့ အထိ ပြုံးရယ်ပြ နေလေသည် ။ သူမ မ

သိတဲ့ သူစိမ်းမို့ ကြောင်အမ်းအမ်း ဖြစ်သွားပြီး ...

"ရှင် ... ကျွန်မကို ခေါ်တာလား "

"ဟုတ်ပါတယ် ... ကျွန်တော့်ကို တစ်ခုလောက် ကူညီပေးလို့ ရမှာလားဗျ ... ဒီလိပ်စာ အတိုင်းဆို ဘယ်အိမ်ကို သွားရမှာ လဲဟမ် ... ကျွန်တော်က အခုမှ ဒီရပ်ကွက်ကို ပြောင်းလာတဲ့ သူမို့ မသိဘူး ကျွန်တော့်ကို ကူညီပေးပါနော် "

သူ ပြသည့်လိပ်စာကို သူမလဲ လှမ်းကြည့်လိုက်ရာ သူမ၏ ခြံချင်းကပ် ဘေးအိမ်က ဖြစ်နေလေသည် ။ သို့ပေမယ့် ...

"ဒီလမ်းတည့်တည့်အတိုင်း သွားပြီး ညာဘက်ကို ချိုးလိုက်ရင် ၅လုံးမြောက် အိမ်ကို ရှာလိုက်ပါ အဲဒီအိမ်ဘဲ ... ကျွန်မကို သွားခွင့်ပြုပါဦး "

"ဟမ် ... ဟုတ်ကဲ့ ကျေး ... "

သူ့စကားကိုတောင် နားမထောင်အားဘဲ သူ့ရှေ့ကနေ အလျှင်မြန်ခြေလှမ်းကြဲကြဲတွေနဲ့ ထွက်သွားသည့် သူမ၏ ကျောပြင်ကို ကြည့်ကာ သူ လှစ်ခနဲ ပြုံးလိုက်မိသည် ။ ထို့နောက် သူမ ညွှန်ပြထားသည့်အတိုင်း လျှောက်လာရင်း သူ နေရမည့် အိမ်ကို တွေ့လိုက်သည် ။ သူ ခြံတံခါးဖွင့်လိုက်ရင်း အိမ်ပေါ်သို့တက်ပြီး အိမ်တံခါးသော့ကို ဖွင့်ဝင်ကာ သူ့ကျောပေါ်က ကျောပိုးအိတ်ကလေးကို ကြမ်းပြင်ပေါ်သို့ ပစ်ချလိုက်သည် ။ ပြီးနောက် အိမ်အခြေအနေကို ကြည့်ရှုရင်း ခြံနောက်သို့ သူ ရောက်သွားပြီး ဟိုဘက်အိမ်၌ ဟင်းချက်နေပုံရသည့် သူမကို တွေ့လိုက် ရလေသည် ။ သူမ ရှိရာသို့ သူ မသိမသာလေး သွားပြီး သူနဲ့ သူမကို ခြားထားသည့် ခြံတွေအလိုက် ဆီးတားထားတဲ့ ဆူးလိမ်တွေကို မထိတထိ သူ ဖွဖွလေး ကိုင်ထားပြီးလျှင် ...

"ဘာတွေ ချက်နေတာလဲဗျ "

"ဟင် "

သူမ ဟင်းချက်နေစဉ် ရောက်လာသည့် အသံတစ်သံကြောင့် ထိန့်လန့် သွားခဲ့ရလေသည် ။ သူမ ဟင်းအိုးကို မွှေနှောက်နေရင်း မော့ကြည့်လိုက်ရာ ခုနတုန်းက သူပင်တည်း။

"ဟင်းနံ့က မွှေးလိုက်တာဗျာ၊ ကျွန်တော်တောင် ဗိုက်ဆာ လာပြီ။ ခုနတုန်းက ခြံချင်းကပ်တယ်လို့ ပြောလိုက်ရောပေ့ါ၊ ကျွန်တော့်မှာ ဖြင့် ၁၂၃၄ ရေပြီး ၅လုံးမြောက်အိမ်ကို လိုက်ရှာခဲ့ရတာ အဟက် ... ခင်ဗျားနဲ့ အိမ်နီးနားချင်း ဖြစ်သွားပြီဆိုတော့ ကျွန်တော့်ကိုယ် ကျွန်တော် မိတ်ဆက်ပေးပါရစေ"

"ဟင် ... မမိတ်ဆက်ပါနဲ့ "

"ဗျာ "

"ကျွန်မ ဘယ်ယောက်ျားလေးတွေနဲ့ မှ မိတ်ဆွေ မဖြစ်ချင်ဘူး။ ကျွန်မအတွက် မသင့်တော်သလို ရှင့်အတွက်လဲ မကောင်းပါဘူး။ ကျွန်မဘာသာ အေးအေးဆေးဆေး နေပါရစေ"

"ဗျာ ... ဘာကို မသင့်တော်ရတာလဲ၊ ကျွန်တော်က ခင်ချင်လို့ လာမိတ်ဆက်တာလေ။ ကျွန်တော်က လူကောင်းပါဗျာ့ ... ခင်ဗျားကို အန္တရာယ်ဖြစ်အောင် မလုပ်ပါဘူး။ ကျွန်တော့်မှတ်ပုံတင်ပြမှ ယုံမှာလား။ ကျွန်တော့်နာမည် ဘုရင် ... နာမည်အပြည့်အစုံက ရှင်ဘုရင်မင်းမြတ် လို့ ခေါ်ပါတယ်။ အသက် ကတော့ ၂၄နှစ်ရှိပါပြီ၊ ကျွန်တော်က တစ်ကောင်ကြွက်ပါ ... "

"ရှင့်ကို ဘယ်သူက မေးနေလို့ လဲ၊ တခြားသူမြင်ရင်လဲ မသင့်တော်

ပါဘူး ကျွန်မနဲ့ ခပ်ဝေးဝေးမှာ နေပေးပါ "

"သြော်ဗျာ ... ဒီလောက်တောင် ဆူးငြောင့် ဆူးလိမ်တွေနဲ့ ကာစီးထားတာကိုဗျာ အမြင်မတော်ရအောင် ကျွန်တော်တို့ က ပွေ့ဖက်ပြီး နမ်းရှိုက်ပြနေလို့ လား ကျွတ်"

"ဘာပြောတယ် ... ရှင် "

"အဟက် ... အခုမှ စတွေ့တာတောင် ရင်းရင်းနှီးနှီးနဲ့ ကျွန်တော့်ကို ' ရှင် ' လို့ အဖျားဆွတ် ခေါ်နေပြီ "

"ဟင် ... ဘယ်သူက ရှင့်ကိုခေါ်လို့ လဲ"

"ရှင်ဘုရင်မင်းမြတ်က ကျွန်တော့် နာမည်လေဗျာ၊ ကျွန်တော့် နာမည်ကို သိပြီးပြီဆိုတော့ ခင်ဗျားနာမည်ကိုလဲ ပြောပြလေ။ ကျွန်တော်တို့ က မိတ်ဆွေတွေ ဖြစ်သွားကြပြီပဲကို "

အရစ်ရှည်နေသည့် ဒီလူနဲ့ တော့ ခက်လှချေပြီ။ သူမ ဘာမှ ပြန်မပြောတော့ဘဲ ကျက်နေပြီဖြစ်သော ဟင်းအိုးကို မသယ်ကာ အိမ်ခန်းထဲသို့ ထွက်သွားဖို့ ပြင်လိုက်တော့ ...

"ဟင်း ကျက်ပြီလား ... ခင်ဗျား နာမည် ပြောခဲ့ဦးလေဗျာ၊ ကျွန်တော်က ရိုးရိုးသားသားနဲ့ သိချင်လို့ ပါ "

"ကျွန်မလဲ ပွင့်လင်းစွာနဲ့ ပြောပါရစေ ရှင်နဲ့ မသိချင်ဘူး။ တောင်းပန်ပါတယ် ကျွန်မတို့ ကို မနှောင့်ယှက်ပါနဲ့ "

သူ့ကို အပြတ်ပြောပြီး အိမ်ထဲဝင်သွားသော သူမကို နားမလည်သလိုကြည့်ကာ သူခေါင်းတစ်ချက် ကုတ်လိုက်သည် ။

သူရိယန္တယ် ခြံထဲမှာ တစ်ယောက်တည်း ဘောလုံးတစ်လုံးနဲ့ ဆော့

ကစားနေရင်း ဘောလုံးလေးက ခြံဘေးနားသို့ လိမ့်သွားလေ၏။ သူလဲ ဘောလုံးရှိရာသို့ ပြေးလိုက်သွားပြီး ဘောလုံးကို ကောက်ယူရန် ပြင်လိုက်စဉ် ဟိုဘက်ခြံက လူတစ်ယောက်က သူ့ကို စိုက်ကြည့် လာသောကြောင့် ...

"ဟင် "

သူ့ကိုမြင်လို့ အံ့သြသွားသည့် ကောင်လေးကို ကြည့်ရင်း သူ ပြုံးရယ်ပြလိုက်သည် ။ ပြီးနောက် ကောင်လေးရှိရာကို သူ လျှောက် လာပြီး ...

"ဦးဦးက ဒီဘက်ခြံကို မနက်ကမှ ပြောင်းလာတဲ့ ရှင်ဘုရင်မင်းမြတ်ပါ ... မင်း နာမည်ကရော ဘယ်လိုခေါ်လဲ"

"ဟို ... ဟို သားနာမည် သူရိယန္တယ် ပါ "

"သူရိယန္တယ် ... အပေါ် သူရိယန္တယ်နဲ့ ရှင်ဘုရင်မင်းမြတ် တွေ့ကြပြီပေါ့၊ ဒါနဲ့ မင်းက တစ်ယောက်တည်း ဆော့နေတာလား မင်းမိဘတွေကိုရော ဦး မတွေ့မိပါလား "

ခြံထဲကို သူဝေ့ဝဲကြည့်ရင်း မေးလိုက်တော့ သူရိယန္တယ်က မျက်နှာမကောင်းစွာဖြင့် ...

"သားမှာ ဖေဖေ မရှိတော့ပါဘူး မေမေကတော့ နောက်ဖေးမှာ အဝတ်လျှော်နေတယ် "

"သြော် ... သား မေမေနာမည်က ဘယ်လိုခေါ်လဲ ... ဦးက ရိုးရိုးသားသား မေးတာနော်၊ အိမ်နီးချင်းတွေဆိုတော့ တစ်ယောက်နဲ့ တစ်ယောက် သိထားသင့်တယ် ထင်လို့ ပါ"

"မေမေ့နာမည်က သမုဒယန္တယ် "

"သမုဒယန္တယ် "

သမုဒယန္တယ် ဆိုသည့် နာမည်ကို သူ လိုက်ရေရွတ် နေတုန်းမှာ ပင် . ..

"သား သားရေ ... "

"ဗျာ ... မေမေ သား ဒီမှာ "

"သား ဘယ်သူနဲ့ စကားပြောနေတာလဲ ... ဟင် ... ရှင် "

သားကို လိုက်ရှာနေတုန်းမှာ ပင် သားနဲ့ ရပ်ကာ စကားပြောနေသည့် ထိုလူကို မြင်လိုက်ရသောကြောင့် တုန်လှုပ် သွားရသည် ။ သို့သော်လဲ ထိုလူက ပြောင်ချော်ချော်ဖြင့် ပြုံးရယ်ပြကာ ...

"အဟက် ... မင်္ဂလာပါ ဒေါ်သမုဒယန္တယ် "

"ဟင် ... ရှင် ကျွန်မနာမည်ကို ဘယ်လိုသိတာလဲ"

"သား ပြောပြလိုက်တာပါ မေမေ ... ဦးဦးက သားတို့ ရဲ့ အိမ်နီးနားချင်း ဆိုလို့ ... "

သားက သူမကို မော့ကြည့်ကာ ပြောလိုက်သည် ။ သူမ၏ ဘာမှ မသိနားမလည်ရှာသည့် သားလေးကို ခုတုံးလုပ်ကာ မေးခဲ့သည့်သူ့ကို ဒေါသထွက်မိပေမယ့် သားရှေ့မှာ မို့ ...

"သား လာ အိမ်ထဲဝင်ရအောင် နောက်ဆို မေမေ မသိဘဲ ဒီဘက်အနားကို မလာရဘူးနော် သူစိမ်းတွေနဲ့ လဲ စကားမပြောရဘူး "

"ဟုတ်ကဲ့ "

သားဖြစ်သူ လက်ကိုဆွဲကာ သူ့အား လှည့်မကြည့်ဘဲ အိမ်ပေါ်သို့ တက်သွားသည့် သူမကို ကြည့်ရင်း သူ ပြုံးလိုက်သည် ။ ထို့အတူ အိမ်ပေါ်

သို့ သူ လေချွန်ရင်း ပြန်တက်ကာ.ဟိုဘက်အိမ်က သူမ ကြားလောက်သည် အထိ "သမုဒယနွှယ်လာ  ... သြော် ဖြစ်ရေးခု သမုဒယနွှယ်လာ " ဟု မင်္ဂလာတေး သီချင်းကို သူ အော်ဆို လိုက်လေသည် ။

***

# အခန်း(၂)

"မေမေ ... သား ဗိုက်ဆာတယ် "

"ဟင် "

Orderမှာ ထားသည့် ပန်းစည်းတွေကို ဒီမနက် အချိန်မှီအောင် လာပို့ခဲ့ရသည် မို့ သားအမိ နှစ်ယောက်စလုံး ဘာမျှ မစားလာမိခဲ့။ သားလက်ကို ဆွဲကာ လမ်းကူးမလို ကြံတုန်း သားဖြစ်သူက ဗိုက်ဆာသည် ဟု ပြောလာသောကြောင့် သူမ ခြေလှမ်းတွေ ရပ်တန့် သွားရလေသည် ။ သားဖြစ်သူကို သူမ ငုံ့ကြည့်ကာ ...

"ခဏနေ အိမ်ရောက်တော့မှာ သားရဲ့ ၊ အိမ်မှာ မေမေ ထမင်း ကြော်ထားတာ ရှိတယ်လေ သား မောလို့ လားဟင် မေမေ ချီသွားပေးရမှာလား ... သားကို ဒီမှာ ဝယ်ကျွေးဖို့ ကျ မေမေ ပိုက်ဆံအလုံအလောက် မပါဘူး သားရဲ့ "

"သားလဲ ဗိုက်မဆာတော့ပါဘူး မေမေ ... အိမ်ပဲ ပြန်ကြရအောင်နော် "

"အင်း ... လာ သားကို မေမေ ချီသွားမယ် "

"ဟင့်အင်း ... မေမေ မောနေမှာ ပေါ့ "

မိခင်ဖြစ်သူကို မော့ကြည့်ကာ သနားသလို ပြောလာသည့် သားကြောင့် သူမ၏ ရင်ထဲ နွေးထွေး သွားရလေသည် ။ အသက်အရွယ်နဲ့ မလိုက်အောင် သိတတ်လွန်းသည့် သားလေးကို ပိုင်ဆိုင်ထားရသည့်အတွက် သူမ ကျေနပ်ပါသည် ။

"ဒါဆို မေမေတို့ အိမ်ပြန်ကြမယ်၊ သား ခြေထောက်ညောင်းရင် မေမေ့ကိုပြောနော် "

"ဟုတ် "

သားဖြစ်သူလက်ကို ဆွဲကာ ဘယ်ညာကြည့်ရင်း လမ်းဖြတ်ကူးမလို ပြင်စဉ် အနောက်ကနေ သူမ၏ သားလေးကို ဆွဲချီလိုက်သည့် တစ်စုံတစ်ယောက်ကြောင့် သူမ နောက်လှည့် ကြည့်လိုက်ရာ ...

"ဟင် ရှင် ... ရှင် ဘာလုပ်တာလဲ ပေးလာ ကျွန်မ ... သား"

"လမ်းဖြတ်ကူးမယ် မဟုတ်လား ကျွန်တော် လိုက်ပို့ပေးမယ် "

"ရှင့်အကူအညီ မလိုဘူး ... "

သူမ ခွင့်မပြုသော်လဲ သူက ရုပ်တည်ကြီးနဲ့ သားကို လက်တစ်ဖက်ဖြင့် ပွေ့ချီထားပြီး ကျန်လက်တစ်ဖက်က သူမ၏ လက်ကို အတင်းဆွဲထားကာ လမ်းဖြတ်ကူးနေ လေတော့သည် ။ သူ အတင်းဆွဲခေါ်သည် မို့ သူမလဲ မလိုက်ချင်၊ လိုက်ချင်နဲ့ သူ့နောက်သို့ လိုက်ပါခဲ့ရလေသည် ။ ဟိုဘက်လမ်းကို ရောက်နေပြီဖြစ်သော်လဲ သူမ၏ လက်ကို မဖြုတ်ဘဲ ခပ်တည်တည်ဖြင့် လျှောက်သွားနေသော သူ့ကြောင့် ...

"ကျွန်မ လက်ကိုလွှတ် ... လာ သား မေမေ့ဆီလာ "

ဆွဲကိုင်ထားသည့် သူ့လက်ကို သူမ မရမက ဖြုတ်လိုက်ပြီး သူ့လက်ထဲက သားကို ပွေ့ချီဖို့ ပြင်တော့ သူက ပြန်မပေးဘဲ သူမနဲ့ ကျောခိုင်းရာ

ဘက်သို့ လှည့်နေလေသည် ။

"မင်း ... ဘာစားပြီးပြီလဲ "

သူ မေးလိုက်တော့ ဘာမှ မစားလာရသည့် သားလေးက ခေါင်းခါပြနေလေသည် ။ သူမတို့ သားအမိကို ပိုင်စိုးပိုင်နင်းနဲ့ ရင်းနှီးသလို ဆက်ဆံနေသော သူ့ကို မကျေနပ်သလို ကြည့်ကာ ...

"ဒီမယ် ... ရှင် ကျွန်မ သားကို ပေးလာနော် "

"ကျွတ် ... ခဏနေစမ်းဗျာ ... ခင်ဗျားရဲ့ သားကို ဘာမှ မကျွေးထားရသေးဘူးလား "

"ကျွေးကျွေး မကျွေးကျွေး ကျွန်မရဲ့ သားမို့ ကျွန်မနဲ့ ပဲ ဆိုင်တယ်။ ရှင်နဲ့ ဘာမှ မဆိုင်ဘူး၊ ရှင့်လမ်းရှင်သွားပါ ကျွန်မရဲ့ သားကို ပြန်ပေးလာ "

"ကလေးက ဗိုက်ဆာနေတာကို ခင်ဗျား ကြည့်ရက်ပေမယ့် ကျွန်တော် မကြည့်ရက်ဘူး ... လာ တစ်ဆိုင်ဆိုင် သွားရအောင် ကျွန်တော် ဝယ်ကျွေးပါ့မယ် "

"ရှင် ... ရှင် ဒါဘာလုပ်ပြန်တာလဲ"

သူမ၏ သားကို ပြန်မပေးဘဲ အရှေ့က ဆိုင်ရှိရာသို့ ပွေ့ချီသွားသည်မို့ သူ့ကို အော်ခေါ်ရင်း သူမ ပြေးလိုက်ရလေ၏။

"ရှင် ကျွန်မ သားကို ပြန်ပေးလာနော် "

ဆိုင်ရောက်သည် အထိ သူ့ဆီက သူမ၏ သားလေးကို မရမက တောင်းဆိုနေစဉ် ဘေးနားက လူတွေက သူမကို လှည့်ကြည့် လာလေသည် ။ ထိုတော့မှ သူမ သတိပြန်ဝင်လာကာ ခဏမျှ ငြိမ်ကျသွားရစဉ် သူက သူ

မ၏ လက်ကို ဆွဲကာ ခုံပေါ်သို့ ထိုင်စေ လိုက်လေသည် ။

"ဒီမှာ ထိုင်နေ ... ခင်ဗျားရဲ့ သားကို ကျွန်တော် ဘာမှ မလုပ်ပါဘူး ... အဲဒီလိုရပ်ပြီး အော်နေရင် လူတွေက ခင်ဗျားကို အရူးလို့ ထင်ကြလိမ့်မယ် ဒေါ်သမုဒယန္တယ် "

သူမကို သူ့အနားက ခုံပေါ်၌ ထိုင်စေပြီး သူမ၏ သားကိုတော့ သူ့ပေါင်ပေါ်၌ ချီတင်ထားလေသည် ။ သူ့လို သူစိမ်းက သူမတို့ ကို ပိုင်သလိုနဲ့ ဆက်ဆံ နေသောကြောင့် မကျေမနပ်ဖြစ်ရကာ နှုတ်ခမ်းသားကို ဖိကိုက်နေမိသည် ။ သူ့သွေးလဲ မဟုတ်၊ သူ့သားလဲ မဟုတ်ဘဲနဲ့ တမင်တကာ လာရောနေသည့် သူလို ဇွတ်တရွတ်လူကြောင့် ပတ်ဝန်းကျင်က သူမကို အထင်မြင်သေးလာမည့် အဖြစ်ကို တွေးကာ ရင်မောနေမိသည် ။ သူကတော့ ဘာမှ မဖြစ်သလို ပုံစံဖြင့် သူမ၏ သားကို လက်ဖက်ရည်နဲ့ မုန့်တွေကို တိုက်ကျွေးပြီး သူမ၏ စူပုပ်ပုပ်မျက်နှာကို ကြည့်ရင်း အတိုင်းမသိ အူမြူးနေလေ၏။

"ခင်ဗျား လဲ ဘာမှ မစားရသေးဘူး မဟုတ်လား၊ လက်ဘက်ရည် မကြိုက်ရင် တစ်ခုခု ထပ်မှာ ပေးရမလား။ ထမင်းကြော်စားချင်လား၊ မုန့်ဟင်းခါးတွေလဲ ရှိတယ်။ ခင်ဗျား စားချင်တာ မှာ လိုက်လေ ကျွန်တော် ပိုက်ဆံရှင်းပေးမှာ ပါ "

"မလိုဘူး ... ရှင် ကျွေးမှ စားရမယ့်ဘဝ မဟုတ်ဘူး ... သား ဗိုက်ပြည့်ရင် မေမေ တို့ ပြန်ကြမယ်နော် ... အိမ်ရောက်တာနဲ့ ချက်ချင်း ရှင့်ပိုက်ဆံကို ကျွန်မ ပြန်ပေးမယ် "

"ဟာ ... ခင်ဗျားဗျာ ကျွန်တော်က ကိုယ့်ခြံချင်းကပ်မို့ ကလေးကို ခင်လို့ ရိုးရိုးသားသား ကျွေးတာကိုဗျာ ... ကျွန်တော့်စေတနာကို ဘယ်အရာနဲ့ မှ တန်ဖိုးမဖြတ်ပါနဲ့ လား "

"ကျွန်မတို့ သားအမိနဲ့ ခပ်ကင်းကင်းနေပါလို့ ရှင့်ကိုပြောထားတယ်လေ။ ရှင့်ကြောင့် ကျွန်မ သိက္ခာအကျမခံနိုင်ဘူး"

"ကျွတ် ... အခု ကျွန်တော်က ခင်ဗျားကို ဘာလုပ်နေလို့ လဲ"

"ရှင့်ကိုယ်ရှင် ပိုသိမှာ ပေ့ါ၊ လာ သား မေမေတို့ ပြန်ရအောင်"

သူမ ထရပ်လိုက်တော့ ကလေးကလဲ သူ့ပေါင်ပေါ်ကနေ ခုန်ဆင်းကာ သူ့မိခင် ခေါ်ရာနောက်ကို လိုက်ပါ သွားခဲ့လေသည် ။ သူသည် သာ တစ်ယောက်တည်း ကျန်ခဲ့ရင်း ထိုသားအမိ၏ ကျောပြင်ကိုကြည့်ကာ မဲ့ပြုံးပြုံး လိုက်မိသည် ။

"အဟက် ... သမုဒယနွယ် ဆိုတဲ့ ခင်ဗျားရဲ့ ရင်ခွင်ထဲကို ရှင်ဘုရင်မင်းမြတ် ဆိုတဲ့ ကျွန်တော် ကျူးကျော်ဝင်ရောက်မယ်။ သိပ်မကြာခင်မှာ ခင်ဗျားကို ကျွန်တော် တော်ကောက် သိမ်းပိုက်နိုင်ရမယ် ... ဒေါ်သမုဒယနွယ်" ဟု ပြုံးရယ်ကာ တဖွဖွလေး ရေရွတ်ဆိုရင်း ဆိုင်ဝန်ထမ်းကောင်လေးကို ခေါ်ကာ ကျသင့်ငွေကို သူရှင်းပြီး ထွက်သွားနှင့်လေသည့် သူမ၏ နောက်သို့ သူ ပြေးလိုက်လို့ လာခဲ့လေသည် ။

အိမ်အမြန်ရောက်ဖို့ အတွက် သားလေးကို ပွေ့ချီရင်း ခြေလှမ်းကျဲကျဲဖြင့် သူမ လျှောက် လာပြီး ရပ်ကွက်ထိပ်နား လောက်မှာ ရောက်တော့ ...

"မေမေ အနောက်မှာ ဦးဦး ပါလာတယ် "

"ဟင် "

သားစကားကြောင့် 'ဟင်' လို့ အသံထွက်လိုက်မိစဉ် တစ်ပြိုင်နက် သူမအနားသို့ သူ ချက်ချင်း ရောက်နှင့်ခဲ့လေပြီ။

"သူရိယကို ကျွန်တော် ချီသွားပေးရမှာ လား ... "

"ဟင် ... မလိုပါဘူး ကျွန်မသားကို ကျွန်မ ချီနိုင်တယ်"

"ချီနိုင်မှန်းတော့သိပါတယ် ဒါပေမဲ့ ခင်ဗျားမျက်နှာမှာ ချွေးဒီးဒီးတွေနဲ့ မို့ ကျွန်တော် မကြည့်ရက်ဘူး လာပါဗျာ ... သူ့ကို ကျွန်တော် ချီလိုက်မယ် တစ်လမ်းတည်း သွားရမှာ ဘဲကို "

"မလိုဘူးပြောနေတယ်လေ ပြီးတော့ ကျွန်မ နောက်ကနေ နီးနီးကပ်ကပ် လိုက်မလာပါနဲ့ "

"ဟောဗျာ ပတ်ဝန်းကျင်ကို ခင်ဗျား အဲဒီလောက်ထိ ဂရုစိုက်နေတာလား၊ ကျွန်တော်တော့ သူတို့ ကို ဂရုမစိုက်အားဘူး။ ဘာလို့ လဲဆိုတော့ ကျွန်တော် ချစ်တဲ့ သူတွေကိုဘဲ အချိန်အလုံအလောက် ပေးပြီး ဂရုစိုက်ရမယ်လေ"

"ကျွန်မတော့ ဂရုစိုက်တယ် ကျွန်မလို မုဆိုးမ တစ်ယောက်ကို အပြစ်တွေရှာပြီး သိက္ခာကျအောင် လုပ်ချင်လို့ ကျွန်မရဲ့ ပြစ်ချက်တွေကို လိုက်ရှာ စောင့်ကြည့်နေတဲ့ သူက အများကြီးပဲ ... ဒါကြောင့် ကျွန်မဘာသာ ကျွန်မ သားလေးနဲ့ အေးအေးချမ်းချမ်းလေး နေပါရစေ၊ ကျွန်မတို့ သားအမိ လူလယ်ခေါင်မှာ မျက်နှာမပြရဲအောင် ရှင် မလုပ်ပါနဲ့ "

"ကျွတ် ... ဟုတ်ပြီဗျာ၊ ကျွန်တော် ခပ်လှမ်းလှမ်းကနေ လိုက်လာခဲ့မယ် စိတ်ချပါ ကျွန်တော့်ကြောင့် ခင်ဗျားရဲ့ ဂုဏ်သိက္ခာ မြူတစ်မှုန်စာလောက်တောင် မလျော့ကျစေရဘူး။ ကျွန်တော်က ချစ်နေရတဲ့ သူပဲ၊ အလျှော့ပေးရမှာ ပေ့ါ"

သူမ မကြားလောက်အောင် သူ ခပ်တိုးတိုးလေးရောကာ ပြောချလိုက်တော့ သားဖြစ်သူကို ချီလျက်သားနဲ့ မို့ သူ ပြောသည် ကို မကြားတကြား ဖြစ်နေသည့် သူမက ...

"ရှင် ... ခုနက ဘာပြောလိုက်တယ် "

"သြော် ... အရင်သွားနှင့်ပါလို့ ပြောတာပါ အဟက် "

သူမလဲ ဘာမှ ပြန်မပြောတော့ဘဲ သူ့ရှေ့ကနေ အလျှင်အမြန် ထွက်ခွာ သွားလေတော့သည် ။ ဒီလူနဲ့ မျက်နှာချင်း မဆိုင်ချင်သော်လဲ အိမ်နီးနားချင်းတွေမို့ ခက်လေသည် ။ မရင်းနှီးချင်ပါဘူး ဆိုသည် ကာမှ အတင်းဝင်ရောနေသည့် သူ့ကြောင့် သူမခမျာ စိတ်ပင်ပန်းနေမိသည် ။ လူကလဲ အတင့်ရဲသလို နာမည်ကလဲ စီးလွန်းလှသည် ... ဘာတဲ့ ရှင်ဘုရင်မင်းမြတ် ဆိုလား ... ဘာလား ... ဒါကြောင့် လူကို အပိုင်စီးနဲ့ နိုင်ထက်စီးနင်း ဆက်ဆံ တတ်လေသည် ။ ဟူး ... ရင်မောရအောင် မလုပ်ပါနဲ့ လား ရှင်ရယ်။

"သားရေ ... ထမင်းစားမယ် "

"ဟုတ်ကဲ့ ... မေမေ "

ဆော့နေဆဲအရုပ်တွေကို ချန်ထားလိုက်ပြီး မိခင်ဖြစ်သူရှိရာသို့ သူရိယန္တယ် ပြေး လာလေသည် ။ ထမင်းစားပွဲခုံမှာ သူ့အား ထမင်းခွံ့ကျွေးရန် အသင့်ဖြစ်နေသော မိခင်ဖြစ်သူကို ပါးချိုင့် နစ်မြုပ်သွားသည် အထိ ပြုံးပြကာ ...

"မေမေရော မစားသေးဘူးလား သားတို့ အတူတူ စားမယ်လေ"

"မေမေက သားကို ခွံ့ကျွေးရဦးမယ်လေ၊ ဒါကြောင့် သား စားပြီးမှ မေမေက စားရမှာ "

"အဟင်း ... သားက မေမေနဲ့ အတူစားချင်တာ။ မေမေလဲ မနက်ကတည်းက ဘာမှ မစားရသေးဘူးလေ မေမေ ဗိုက်မဆာဘူးလားဟင် "

"ဆာတာပေါ့ သားရဲ့ ... ဒါကြောင့် သားကို မြန်မြန် စားစေချင်တာ

ပေါ့၊ သား စားပြီးရင် မေမေ စားလို့ ရပြီလေ "

"ဩော် ... ဒါဆို ခွံ့ကျွေးတော့လေ သား အမြန်စားလိုက်မယ်"

"မေမေ့သားက လိမ်မာတယ်"

သားဖြစ်သူအား ထမင်းခွံ့ကျွေးနေစဉ် သူမတို့ ကို တစ်စုံတစ်ယောက်က ငေးစိုက် ကြည့်နေသလို ခံစားမိသည် ။ သူမ လှည့်ကြည့်လိုက်ရာ အိမ်လှေကားမှာ ရပ်ကာ သူမတို့ ကို မတ်တတ် ရပ်ကြည့်နေသည့် ဦးရှင်ဘုရင်မင်းမြတ် ...

"ဟင် ရှင် ဘာလာလုပ်ပြန်ပြီလဲ"

"ဒီမှာ လေ ကျွန်တော့်ခြံထဲမှာ မာလကာသီး သီးနေလို့ သူရိယအတွက် ခူးလာပေးတာ ခင်ဗျားအတွက်လဲ ပါတယ်"

မဖိတ်ခေါ်ဘဲနဲ့ သူမတို့ ရှိရာကို လျှောက်လာရင်း မျက်နှာ ခပ်တည်တည်ဖြင့် မာလကာသီးအိတ်ကို စားပွဲပေါ်ချကာ သူက ခုံပေါ်မှာ ဝင်ထိုင်နေလေသည် ။ သူမ၏ အိမ်ကို ဝင်ချင်တိုင်း ဝင်လာသည့် သူ့ကြောင့် သားကို ခွံ့ကျွေးလက်စ ထမင်းတွေကို ခဏ ရပ်ထားလိုက်ပြီးလျှင် ဘေးနားက ရေဇလုံထဲသို့ သူမ လက်အမြန် ဆေးကြောပြီး သူ့ဆီကို ဒေါသတကြီး လှမ်းလာကာ ...

"ကျွန်မ အိမ်ကနေ အခုချက်ချင်း ထွက်သွား ... ဒီအိမ်မှာ ရှင့်ကို ကြိုဆိုတဲ့ သူ တစ်ယောက်မှ မရှိဘူး။ ရှင် ဘယ်လိုလူလဲ သူများ အိမ်ကို ဝင်ချင်တိုင်း ဝင်ရလား ... ကျွန်မ အိမ်ကနေ ထွက်သွားပေးပါ တခြားသူ မြင်သွားရင်လဲ မကောင်းဘူး"

"ကိုယ့်အိမ်ကို လာလည်တဲ့ ဧည့်သည့်ကို ဒီလိုစူစူပုပ်ပုပ်နဲ့ ကြိုဆိုရလား။ မြင်မကောင်းရအောင် ဒီအိမ်ထဲမှာ ကျွန်တော်တို့ နှစ်ယောက်

တည်း ရှိတာမှ မဟုတ်တာ။ သူရိယလဲ ရှိနေတာပဲလေ၊ ဒါမှ မဟုတ် အပြင်ဘက်ကလူ မမြင်လာရအောင် ကျွန်တော် တံခါးသွားပိတ် ပေးရမ ဟုတ်လား ပြောလေ"

"ဘာပြောတယ် ... အဲဒီလိုဆိုရင် လူတွေက ရှင်နဲ့ တိတ်တိတ်ပုန်း ခိုးတွေ့နေတယ်ဆိုပြီး ထင်သွားကြမှာ ပေါ့ "

"ဒါကြောင့် ပြောတာပေ့ါဗျာ့ ... ခင်ဗျားဘာသာ အေးအေးဆေးဆေး ထမင်းစားနေ ... ကျွန်တော့်ကို မနှင်နဲ့ ... ကျွန်တော် ပြန်ချင်တဲ့ အချိန်ကျရင် ကျွန်တော့်ဘာသာ ပြန်မယ် "

"အဲဒီလို ရမှာ လား ... ရှင် ကျွန်မကို ဘယ်လို မိန်းမစားမျိုး ထင်နေ တာလဲဟင် ဦးရှင်ဘုရင်မင်းမြတ် "

"အဟက် ... ခင်ဗျားက ချစ်ဖို့ အရမ်းကောင်းတယ်ဗျာ့ "

"ဘာ ... ရှင် ... ရှင် "

"ဟော့ ခင်ဗျားမေးလို့ ကျွန်တော် ဖြေပေးတာနော် ... ဒါနဲ့ ဒီဓာတ်ပုံ ထဲက ခင်ဗျားဖက်ထားတဲ့ မိန်းကလေးက ဘယ်သူလဲ၊ ခင်ဗျားနဲ့ ရုပ် ချင်း အတော်ဆင်တယ်နော် "

ခုံပေါ်မှာ တင်ထားသည့် ဓာတ်ပုံကို သူ လှမ်းယူကြည့်တော့ သူမ ဖြတ်ခနဲ ပြန်လုယူ လိုက်မိသည် ။ ထိုဓာတ်ပုံက သူမနဲ့ အစ်မဖြစ်သူ ခင် သူဇာနွယ် တို့ ၏ ဓာတ်ပုံဟောင်းပင်။

"ရှင်နဲ့ မဆိုင်ပါဘူး ... ကျွန်မ အိမ်ကနေ ရှင် ထွက်သွားပါတော့ ကျွန် မ တောင်းဆိုပါတယ် မဟုတ်ရင် ကျွန်မ သက်ဆိုင်ရာကို တိုင်ကြားမိလိ မ့်မယ် "

"သက်ဆိုင်ရာ ဟုတ်လား ... အဟက် ခင်ဗျားက ကျွန်တော့်ကို ဘာ

အမှုနဲ့ တိုင်မှာ လဲ ... ခင်ဗျားဘက်က ဘယ်လို သဘောထားဖြစ်ဖြစ် ကျွန်တော့်အတွက်တော့ လူသိရှင်ကြား ဖြစ်လေ ပိုအဆင်ပြေလေပါပဲ ... ဘာလို့ ဆို ကျွန်တော် ခင်ဗျားကို လက်ထပ်ယူချင်တယ် ဒေါ်သမုဒယ နွယ် "

"ဘာ ... ရှင် ဘာပြောလိုက်တယ် "

"ဟုတ်တယ် ကျွန်တော် ခင်ဗျားကို လက်ထပ်ချင်တယ် "

"ရှင် ရှင် ... ကျွန်မကို အထင်သေးလွန်း နေပြီနော်. ကျွန်မ အိမ်ပေါ်ကို တက် လာပြီး ကျွန်မ သိက္ခာကို လာမစော်ကားပါနဲ့ ... တောင်းပန်ပါတယ် ရှင် ထွက်သွားပေးပါ "

"ကျွန်တော် သွားမှာ ပါ၊ ဒါပေမဲ့ ကျွန်တော် ပြောထားတာတွေကို တော့ ခင်ဗျား စဉ်းစားပေးပါ"

သူ လှည့်ထွက်သွားတော့မှ သူမလဲ ဝဲရစ်ကာပျိုးလာသည့် မျက်ရည်တွေကို လက်ဖြင့် သုတ်ပစ်လိုက်သည် ။ သူမတို့ ၏ အဖြစ်အပျက်ကို နားမလည်သလို ထိုင်ငေးကြည့်နေသည့် သားလေးက သူမရှိရာကို လျှောက်လာကာ ...

"မေမေ "

"ဟင် သား "

"မေမေ ငိုနေတာလားဟင် "

"မငိုပါဘူး သားရဲ့ ... သား ထမင်းစားမယ် မဟုတ်လား လာ မေမေ ခွံ့ကျွေးမယ်နော် "

"ဟုတ်ကဲ့ "

သားဖြစ်သူ လက်ကိုဆွဲကာ ထမင်းစားပွဲခုံရှိရာသို့ သူမ ပြန်လာခဲ့သည် ။ သားဖြစ်သူကို ထမင်းခွံ့ကျွေးရင်း သူမကို အထင်မြင်သေးစွာ ပြောခဲ့သည့် သူ့ကို မြင်ယောင်လာကာ ဒေါသထွက်နေမိသည် ။ ဒီရပ်ကွက်ထဲကို ပြောင်းလာတာ မကြာသေးတဲ့ သူ့လိုလူက မျက်နှာပြောင်တိုက် သူမ အိမ်ပေါ်ကိုတက်ပြီး လက်ထပ်ချင်သည် ဟု ပြောသည် က သူမ၏ သိက္ခာကို လာရောက် စော်ကားနေသလိုပင်။ သူ့လို ရုပ်ချောပြီး စတိုင်ကျသည့် လူပျိုတစ်ယောက်က သူမလို ကလေးတစ်ယောက် အမေကို လက်ထပ်ပါရစေတဲ့ ... ဘယ်လိုမှ ထင်ရက်စရာ မရှိ။ သူမ ဘာအပြစ်တွေ ကျူးလွန်ခဲ့မိလို့ သူလို လူနဲ့ ကံကြမ္မာက လာရောက် တွေ့ဆုံ စေခဲ့လေသနည်း။

ညမှောင်ရီ ကျနေသည့်အချိန်မှာ သားလေးကို ချော့သိပ်ပြီး သားလေး အိပ်ပျော်သွားတာတောင် သူမ မအိပ်စက်နိုင်။ အိပ်ယာမှာ လှဲလျောင်းနေရင်း နဖူးပေါ်လက်တင်ကာ နေ့လယ်က သူ ပြောခဲ့သည့်စကားကို ပြန်တွေးမိကာ သူမ စိတ်ထဲ မတင်မကျ ဖြစ်နေမိသည် ။ ထိုစဉ်တွင် အိမ်နောက်ဖေး ဘက်ခြမ်းကနေ 'ခလွမ်း' ဟူသော ပန်းကန် ကျကွဲသွားသလို အသံကြောင့် သူမ ထိန့်လန့်ကာ ထထိုင်လိုက်၏။

"ဟင် ညအချိန်မတော် သူခိုးများ လား ... မဖြစ်နိုင်ပါဘူး ကြောင်တွေ ကြွက်တွေပဲ ဖြစ်မှာ ပါ "

သူမစိတ်ထဲ ပြောလိုက်ရင်း မီးအိမ်လေးကိုယူကာ သူမ အိမ်နောက်ဖေးသို့ ခြေသံတိုးတိုးလေးဖြင့် ဝင်လာခဲ့သည် ။ ထိုစဉ် ဝုန်းခနဲ ပေါ်လာသည့် အနက်ရောင်ဝတ်စုံဖြင့် မျက်နှာဖုံး တပ်ထားသည့် လူတစ်ယောက်ကြောင့် ...

"အား ... သူ သူခိုး "

သူမ အော်လိုက်စဉ် သူမ၏ ပါးစပ်ကို သူ့လက်တွေဖြင့် ပိတ်လိုက်ပြီး သူမ၏ ခါးစပ်ကို ဓားဖြင့် ချိန်ရွယ်ကာ ...

"မင်း အော်ရင် ဓားနဲ့ ထိုးလိုက်မှာ နော် "

သူမလဲ ကြောက်လန့်လွန်းလို့ ခြေဖျားလက်ဖျားတွေ အေးစက်ကာ တုန်ယင် နေလေသည် ။ သူမအတွက် သူမ စိုးရိမ် ပူပန်သည် ထက် သားလေး တစ်ခုခုဖြစ်သွားမှာ ပိုကြောက်သည် ။ ထိုလူက သူမ ပါးစပ် ကို လက်ဖြင့်အုပ်နေရင်းလျက်ပင် ပန်းကင်စင်ဘေးနားက ခုံတန်းရှည် ပေါ်၌ ပွေ့တင်လိုက်သည် မို့ ... သူမ ရုန်းကန်ရင်း သူ့လက်ကို အတင်းဖ ယ်ချကာ ...

"ရှင် ဘာလုပ်မလို့ လဲ ဟင့် "

"ငါ မင်းကို လိုချင်တယ် မင်း အော်ရဲအော်ကြည့်လေ အခန်းထဲမှာ အိပ်နေတဲ့ မင်းရဲ့ ကလေးကို သတ်ပစ်မယ်"

"ဟင် ကျွန်မ ကလေးကို ဘာမှ မလုပ်ပါနဲ့ "

"ဒါဆို မင်း ပါးစပ်ပိတ်ထား ... "

သူမ၏ ဘဝ ရေစုန်မျောပါစေ သားလေးကိုတော့ ဘာမျှ အဖြစ်မခံနို င်သည် မို့ မျက်ရည်ပူတွေ စီးကျရင်း အသံမထွက်အောင် ရှိုက်ငိုနေ မိသည် ။ ထိုလူက ကျေနပ်စွာ ရယ်မောရင်း သူမ၏ လက်ကို ဆွဲဖယ် ကာ သူမ၏ အင်္ကျီလက်မောင်း သားလေးကို တစ်စစီ ဆုတ်ဖြဲပစ်လိုက် လေတော့သည် ။ သူမ မျက်ရည်တွေ ပါးထက်စီးလာရင်း တိုးဝင်လာသ ည့် ထိုလူ၏ မျက်နှာကြောင့် မျက်လုံးလေး အတင်းမှိတ်ပစ်လိုက်စဉ် ...

"ခွပ် ခွပ် ... ကဲကွာ ကျွန်တော့် မိန်းကလေးကို လာထိရဲတယ်လို့ .. . ခွပ် "

အသံတစ်သံကြောင့် သူမ မျက်လုံးလေး ပြန်ဖွင့်လိုက်ကာ အိမ်ထဲကို ဘယ်ကနေ ဘယ်လို ရောက်လာမှန်း မသိသည့် ရှင်ဘုရင်မင်းမြတ်။

"ခွပ် ... ခလွမ်း ဂလုံး စွပ် "

အသံမျိုးစုံနဲ့ နှစ်ယောက်သား လုံးထွေးကြပြီး နောက်ဆုံး သူခိုး၏ ဓားက သူ့လက်မောင်းကို ရှပ်ထိသွားသဖြင့် သူလဲ လဲကျသွားပြီး သူခိုးလဲ သူမ အိမ်ထဲက ထွက်ပြေး သွားလေသည် ။ သူ ကမန်းကတန်း ထပြီး ပြေးလိုက်ရှာသော်လဲ အစအနကို မတွေ့ခဲ့သည် မို့ သူမရှိရာကိုသာ အမြန် ပြန်ပြေးလာခဲ့သည် ။ မျက်ရည်တွေ ပြည့်နှက်နေကာ အံ့ကြိတ်နေသည့် သူမကို တွေ့လိုက်ရတော့ သူမကို တင်းကျပ်စွာ သူ ဆွဲဖက်လိုက်ပြီး ...

"ခင်ဗျား ဘာမှ မဖြစ်ဘူး မဟုတ်လား၊ ဘာမှ မဖြစ်ခဲ့ဘူး မဟုတ်လား "

သူ့ရင်ခွင်ထဲကနေ သူမ မွှန်းကြပ်သည် မို့ ရုန်းထွက်ကာ ...

"ကျွန်မ ... ကျွန်မ ဘာမှ မဖြစ်ပါဘူး ရှင့်လက်မောင်းမှာ သွေးတွေ "

"ရှပ်ထိရုံလေးပါ ကျွန်တော် အဆင်ပြေပါတယ် ခင်ဗျားသာ တစ်ခုခု ဖြစ်ရင် ကျွန်တော် ရင်ကွဲရမှာ "

"ကျွန်မ အိမ်ထဲကိုသူခိုးဝင်လာမှန်း ရှင် ဘယ်လိုသိတာလဲ"

"ကျွန်တော်မှ မအိပ်ရသေးတာ ခင်ဗျားအော်သံကို အမှတ်မထင် ကြားလိုက်လို့ စိတ်ပူပြီး ဝင်လာတာ "

"ဘယ်လိုဖြစ်ဖြစ် ရှင့်ကို ကျေးဇူးတင်ပါတယ်။ ကျေးဇူးတင်တဲ့ အနေနဲ့ ရှင့်လက်က ဒဏ်ရာကို ဆေးထည့်ပေးပါရစေ"

"အွန်း ... ရတယ်လေ ကျေးဇူး "

"မလိုပါဘူး ရှင် ကျွန်မကို ကူညီပေးထား တာပဲလေ "

သူလဲ စကားနိုင်လုမနေတော့ဘဲ သူမ ခေါ်ဆောင်ရာ ဧည့်ခန်းထဲသို့ ပြုံးတုံ့တုံ့ဖြင့် လိုက်ပါ လာခဲ့လေသည် ။

"ဆေးထည့်ဖို့ ရှင့်အင်္ကျီလက်ရှည် ချွတ်ထားလိုက်နော် "

"ဩော် ... ဟုတ်ကဲ့ "

သူလဲ အင်္ကျီလက်ရှည် ချွတ်ပေးလိုက်တော့ အထဲမှာ ဘာမှ ထပ်မ ဝတ်ထားသည် မို့ ကြွက်သားဗလတွေက ထင်သာအောင် ထွက်ပေါ် လာ လေသည် ။ ဤသည် ကြောင့် သူမ မျက်နှာနီမြန်းလာကာ ... သူ့အား အ ကြည့်လွှဲပြီး ...

"အထဲမှာ ဘာမှ ထပ်မဝတ်ထားဘူးလား "

"ကျွန်တော်က လက်ရှည်တစ်ထည်တည်း ဝတ်တတ်တာ။ လက်ပြတ်တွေနဲ့ တွဲမဝတ်ဖူးဘူး။ နေရတာ ကျဉ်းကြပ်လို့ ... ဘာဖြစ်လို့ လဲ အဆင်မပြေလို့ လား "

"ရ ရပါပြီ "

သူမလဲ ကတုန်ကယင်နဲ့ သူ့ဒဏ်ရာကို အရက်ပျံတွေနဲ့ ဆေးကြော လိုက်ပြီး ဂွမ်းစနဲ့ ကပ်ကာ ပတ်တီးလေး စည်းပေးထားလိုက်၏။ ပြီး သွားလျှင် သူ့အား တစ်ချက်ကြည့်ကာ ...

"ပြီးသွားပြီ ရှင် ပြန်လို့ ရပြီ "

"အဟက် ... ပြန်မှာ ပေါ့ဗျာ့ ခင်ဗျားက ခေါ်ထားမှာ လဲ မဟုတ်ဘဲနဲ့ ... နောက်ဆို ခြံတံခါးတွေကို လုံအောင်ခတ်ထားနော်။ မိန်းမသား တစ်

ယောက်တည်းရှိတဲ့ အိမ်မို့ ခုလိုတွေ ဆက်မဖြစ်နိုင်ဘူးလို့ မပြောနိုင်ဘူး ... ပြီးတော့ ကိုယ်တိုင်ကလဲ လုံလုံခြုံခြုံနေ "

သူမကို စူးစိုက်ကြည့်ကာ ပြောနေရင်း လက်မောင်းတစ်ဝိုက်မှာ ပြဲသွားသည့် နေရာလေးကို သူ့အကြည့် ရောက်လာသည် မို့ သူမလဲ သတိဝင်လာကာ လက်ဖြင့် အမြန်ဖုံးကာ ထားလိုက်သည် ။ သူမ၏ လျှပ်တပြက် အမူအယာလေးတွေကို ကြည့်ရင်း သူ ရင်တွေ လှုပ်ခတ်လာကာ သူမ ရှိရာကို သူ တရွေ့ရွေ့ တိုးလာခဲ့မိလေသည် ။

"ရှင် ရှင် ဘာလုပ်မလို့ လဲ ပြန်တော့လေ "

"ကျွန်တော် ခင်ဗျားကို လက်ထပ်ချင်တယ် "

"ဟင် "

အဆုံးအစမရှိသည့် သူ့စကားကြောင့် မင်သက်နေမိစဉ် သူမ၏ နှုတ်ခမ်းလေး ထုံကျင် သွားရလေသည် ။ သူ့ကျောကုံးကို ထုရိုက်သော်လဲ သူမလက်သာ နာသွားခဲ့၏။ သူ့အနမ်းတွေက ရပ်တန့်ခြင်းအလျှင်မရှိ ပို၍ပင် ကြမ်းတမ်းလာခဲ့သည် ။ ညအမှောင်ယံတွေကလဲ ကြီးစိုးလာကာ လေယူလေပြင်းက စိမ်းသက်လွန်းလှသည် ။ ထို့အတူ အနမ်းကြမ်း၊ အနမ်းရိုင်းတွေက ချိုမြိန်ခြင်း မရှိဘဲ တကယ့်ကို သူမအတွက် အစိမ်းသက်သက် ... စိမ်းမှာ ပေါ့ သူမတို့ နှစ်ယောက် ဘယ်တုန်းက ရင်းရင်းနှီးနှီး ရှိခဲ့ဖူးကြလို့ လဲ။

***

သူမအား အမှတ်မထင် သူ ဇွတ်တရွတ် အချိန်ကြာအောင် နမ်းရှိုက်ခဲ့ပြီး သူမနဲ့ ခရီးလွန်သွားဖို့ မဖြစ်သေးသည် မို့ သူ့စိတ် သူပြန်ထိန်းချုပ်ကာ အိမ်သို့ ပြန်လာခဲ့လေသည် ။ သူ့အခန်းထဲကို ရောက်သည် နှင့်

စားပွဲပေါ်က တစ်ရှူးအိတ်လေးကို လှမ်းယူကာ သူမနဲ့ ထိတွေ့ခဲ့သော သူ့နှုတ်ခမ်းတစ်ဝိုက် ကို တရကြမ်း သူ ပွတ်သုတ် လိုက်ပြီးလျှင် သူ့ထံသို့ ဖုန်းတစ်လုံး ဝင်လာသည် ကို လှမ်းကိုင်လိုက်သည် ။

"ဟဲလို ... ဘော့စ် အဆင်ပြေလား၊ ဒဏ်ရာကရော အရမ်းနက်လား ကျွန်တော် တောင်းပန်ပါတယ်နော် "

"အွန်း ... မင်း သိပ်တော်တယ် "

သူ ပြောပြီးသည် နှင့် ဖုန်းချလိုက်ပြီး ကုတင်ပေါ် လှဲအိပ်ချကာ ကျေနပ်စွာ သူ ရယ်မောလိုက်သည် ။ မနက်ဖြန် သို့မဟုတ် တဘက်ခါ သိပ်မကြာတော့ပါဘူး ဒေါ်သမုဒယန္တယ်။

***

# အခန်း(၃)

မနေ့ညကတည်းက သားလေး ဖျားပြီး တစ်ညလုံး သူမ ရေပတ်တိုက်ပေးသော်လဲ ခုထိ အဖျားမကျ။ သူမလဲ တစ်ညလုံး မအိပ်ခဲ့ရ၍ ချွေးတွေစို့ကာ ပင်ပန်းနွမ်းနယ် နေလေသည် ။ သားဖြစ်သူ၏ နဖူးကို လှမ်းစမ်းရင်း လက်ကလေးကို လှမ်းကိုင်ရင်း အဖျားကျခြင်း အနည်းငယ်မျှ မရှိသည် မို့ ဆေးခန်းသွားရန် ပြင်ဆင်လိုက်ရသည် ။ အဖျားကြီးလွန်းလို့ မျက်လုံးတောင် မဖွင့်နိုင်တော့သည့် သားကို မရမကနိုင်အောင် သူမ ပွေ့ချီလိုက်ရင်း အိမ်ပေါ်ကနေ ဆင်းလာခဲ့လိုက်သည် ။ ခြံရှေ့နားရောက်သည် နှင့် ချက်ချင်းပင် ရုတ်တရက် သူမ ရှေ့တည့်တည့်ကို ရောက်လာသည့် မမြင်ချင်သည့် လူတစ်ယောက်ကြောင့် သူမ၏ မျက်နှာကို အနည်းငယ် တင်းမာ ထား လိုက်လေသည် ။

"ဘယ်သွားမလို့ လဲ၊ သူရိယ ဘာဖြစ်လို့ လဲ"

"ကျွန်မ ရှေ့ကနေ ဖယ်ပေးပါ ရှင်နဲ့ စကားနိုင်လုဖို့ ကျွန်မမှာ အချိန်မရှိဘူး "

"သူရိယ နေမကောင်းလို့ လား၊ ကျွန်တော် လိုက်ပို့ပေးမယ်လေ။ လမ်းမကြီးရောက်ဖို့ ဝေးသေးတယ်ဆိုတာ ခင်ဗျား သိသားပဲ မဟုတ်လား။ ပြီးတော့ ခင်ဗျား မျက်နှာကြည့်ရတာ အားမရှိသလိုပဲ ... လာပါ

ကျွန်တော် လိုက်ပို့ပေးမယ် "

ခွင့်ပြုလား မပြုလားဆိုတာ မမေးဘဲ သူမ၏ သားကို လုကာ ချီလိုက်သော သူ့ကြောင့် ဒေါသထွက်မိ သွားလေသည် ။ ဟိုညကလဲ မပြောမဆိုဖြင့် သူမဆီက အနမ်းကို အတင်းဗွတ်တရွတ် ယူသွားခဲ့သည်မို့ ပို၍ ပင် ခံပြင်းမိသည် ။

"ဒီမှာ ကျွန်မ သားကို ရှင် ပြန်ပေးလာနော် "

"ခင်ဗျားရဲ့ သား ကိုယ် ခြစ်ခြစ်တောက် ပူနေရောပဲ၊ ဆရာဝန်ဆီ အမြန်ခေါ်သွားမှ ဖြစ်မယ် ... ကျွန်တော့်နောက်ကို လိုက်ခဲ့မှာ လား၊ ဒီတိုင်း ရပ်နေမှာ လား၊ ခင်ဗျားရဲ့ သားကို မသနားမိဘူးလား။ ကိုယ့်သားကိုယ် ချစ်ရင် ကျွန်တော့်နောက်ကို လိုက်ခဲ့ "

သူ ပြတ်သားစွာပြောပြီး သားလေးကို ခြေလှမ်းကျဲကျဲနဲ့ ပွေ့ချီသွားလေသောကြောင့် သူမလဲ အံ့ကြိတ်ကာ သူ့နောက်ကို တကောက်ကောက် လိုက်ပါ လာခဲ့ရလေသည် ။ ဆေးခန်းသွားမည်ဟု ထင်ထားသော်လဲ ဆေးရုံသို့ ခေါ်လာသည့် သူ့ကြောင့် သူမ မျက်လုံးလေး ဝိုင်းစက်သွားရသည် ။ ဆေးရုံစရိတ်တွေကို သူမ အခြေအနေနဲ့ တတ်နိုင်မည် မဟုတ်ပေမယ့် သားဖြစ်သူ ကျန်းမာဖို့ သာ အဓိကမို့ ရင်တထိတ်ထိတ်နဲ့ နှုတ်ဆိတ် နေလိုက်သည် ။ သားဖြစ်သူကို ဆရာဝန်တစ်ယောက်က စစ်ဆေးနေရင်း ...

"အရေးပေါ်အခန်း သွားဖို့ လိုတယ် ... မင်းက သူ့ဖခင်လား"

ဆရာဝန်က သူ့ကိုကြည့်ကာ မေးလာတော့ သူ ခေါင်းတစ်ချက်ကုတ်လိုက်မိသည် ။ ထိုစဉ် သူမက ...

"ကျွန်မက သားလေးရဲ့ မိခင်ပါ ဆရာ "

"ကလေး အရေးပေါ် သွေးသွင်းဖို့ လိုအပ်တယ်။ မိခင်ဘက်က အဆင်ပြေလား "

"ရှင် ... ဟို ဟို သားက AB သွေးမို့ သူ့အဖေ ... "

သူမ စကား မဆုံးခင်မှာ ပင် သူက ကြားဖြတ်ကာ ...

"ကျွန်တော် AB သွေးပါ ကလေးအတွက် သွေးလှူပေးပါရစေ "

"ဟင် "

"ခင်ဗျား ကလေးဆိုတော့ ကျွန်တော့် ကလေးဘဲပေါ့ ... ခင်ဗျားရဲ့ သား ဘာမှ မဖြစ်စေရဘူး ကျွန်တော့်ကိုယုံ "

သူမကို သူ ပြုံးပြ၍ အားပေးစကားပြောပြီး သူနာပြုတစ်ယောက်က သွေးလှူရန်အတွက် ကျန်းမာရေး စစ်ဆေးဖို့ လာခေါ်တော့ သူလဲ လိုက်ပါ သွားခဲ့ရလေသည် ။ ခဏကြာတော့ သွေးလှူနေသည့် သူ့အနားသို့ သူမ ရောက်လာကာ ...

"ရှင် ဘာစားပြီးပြီလဲ ကျွန်မ ဘာဝယ်ပေးရမှာ လဲ"

"ရပါတယ်ဗျာ့၊ ကျွန်တော့်အတွက် ခင်ဗျားအပြုံးက လွဲလို့ ဘာမှ မလိုအပ်ဘူးလေ အဟက် "

"ရှင် စကားကို ကပ်သီးကပ်ဖဲ့ မပြောလို့ မရဘူးလားဟင်၊ ရှင့်အပေါ် စေတနာထားဖို့ ကြံတိုင်း ရှင့်ပိုးတွေ ဖောက်ဖောက်လာတယ် ... ရှင့်မှာ ရွေးချယ်စရာ အများကြီး ရှိတာတောင် ဘာလို့ ကလေးတစ်ယောက် အမေဖြစ်တဲ့ ကျွန်မကို လာနှောင့်ယှက်နေရတာလဲဟင် "

"ဒါနှောင့်ယှက်တာမှ မဟုတ်တာ ခင်ဗျားကလဲ "

"ထားပါ ကျွန်မ သားကို ကူညီပေးတဲ့ အတွက် ကျေးဇူးပါ"

"ကူညီခွင့်ရတာကိုဘဲ ကျေနပ်နေပါပြီ၊ ဒါနဲ့ ခင်ဗျားမျက်နှာက ဘာလို့ မအီမသာ ဖြစ်နေရတာလဲ၊ သူရိယ အဆင်ပြေတယ် မဟုတ်လား ဘာဖြစ်သေးလို့ လဲ "

"သား အဆင်ပြေပါတယ် ကျွန်မ သွားတော့မယ် "

"ခဏနေပါဦး၊ ကျွန်တော်လည်း လိုက်ခဲ့မယ်လေ "

ကုတင်ပေါ်မှာ လှဲလျောင်းနေရင်း ဆင်းဖို့ ရန်ပြင်နေသည့် သူ့ကြောင့် သူမ မျက်လုံးလေး ဝိုင်းစက်သွားရင်း ...

"ဟင် ရှင် သွေးလှူထားတယ်လေ ခဏနားနေမှ ဖြစ်မှာ ပေါ့"

"အဟက် ကျွန်တော့်ကို စိတ်ပူလို့ လား "

"ကျွန်မ သားကို ကူညီပေးခဲ့တဲ့ သူမို့ "

"ဩော် ... ဘယ်လိုပုံစံဖြစ်ဖြစ် ခင်ဗျား စိတ်ပူပေးလို့ ကျွန်တော် ကျေနပ်တယ် "

"ရှင် ဒီမှာ နေခဲ့ ကျွန်မ သားဆီ သွားလိုက်ဦးမယ် "

သူ့ရှေ့ကနေ လှည့်ထွက်ဖို့ ရန် ပြင်လိုက်စဉ် ခေါင်းထဲ မိုက်ခနဲ ဖြစ်သွားသောကြောင့် အမြင်တွေ ဝေဝါးနေစဉ် အနောက်ကနေ သူမ၏ လက်ကို လှမ်းဆွဲလာသည့်သူ။

"ကျွန်တော်လည်း လိုက် ... ခင်ဗျား ဘာဖြစ် "

ရုတ်တရက် သူ့ရင်ခွင်ထဲသို့ ပြိုကျလာသည့် သူမကို သူ လှမ်းပွေ့ထားလိုက်ပြီး စိုးရိမ်တကြီးနဲ့ လှုပ်နိုးလိုက်သည် ။

"ခင်ဗျား ဘာဖြစ်တာလဲ "

"ကျွန်မ ... ကျွန်မ ခေါင်း နည်းနည်းမူးသွားတယ် "

"ဟမ် ခင်ဗျား နေမကောင်းလို့ လား မှန်းစမ်း "

သူမကို မလွှတ်သေးဘဲ သူမ၏ နဖူးလေးကို သူ့လက်ဖြင့် အသာအယာ စမ်းလိုက်သည် ။ သူမက လက်မခံဘဲ သူ့ရင်ခွင်ထဲကနေ အားယူကာ ရုန်းထွက်ဖို့ ပြင်နေလေသည် ။

"ရှင် ကျွန်မကို လွှတ် ... ကျွန်မ ဘာမှ မဖြစ်ဘူး "

"ခင်ဗျား အားနည်းနေတယ် ထင်တယ်၊ နှုတ်ခမ်းတွေ ဖြူနေရောပဲ။ တစ်ခါတည်း ဆရာဝန်နဲ့ ပြကြည့်ရမယ် "

"ဟင့်အင်း ... ကျွန်မ နေကောင်းတယ် "

"ကျွတ် ... "

"ကျွန်မကို လွှတ်ပေးလို့ ပြော ... "

သူမကို ပွေ့ဖက်ထားသည့် သူ့လက်ကို မရမက ဖြုတ်ချပစ်ဖို့ ကြိုးစားနေသည့် သူမကြောင့် သူ စိတ်မရှည်တော့စွာ သူမကို ဒီထက်မက တင်းကျပ်အောင် ဆွဲဖက်လိုက်ရင်း သွေးအားမရှိသလို ဖြူရော်နေသည့် နှုတ်ခမ်းလေးကို သူ ငုံနမ်းလိုက်သည် ။ သူမလည်း သူ့အား လက်မခံနိုင်ဘဲ ရုန်းနေသည် မို့ သူ့အနမ်းတွေလည်း ဒီထက်မက အရိုင်းဆန်လာ၏။ သူမ ငြိမ်ကျသွားတော့မှ သူလည်း ရပ်တန့်လိုက်ပြီး သူမ၏ ဆံနွယ်ဖျားလေးကို သပ်တင်တော့ သူမက သူ့ကို နာကြည်းစွာ ကြည့်ကာ ...

"ကျွန်မကို တစ်ခါကူညီပေးတိုင်း ရှင် အခွင့်အရေး တစ်ခါယူတယ် ဟင့် ... ကျွန်မ ရှင့်ကို ကြောက် လာပြီ ဟင့် "

သူမ ဝမ်းနည်းစွာ ပြောရင်း သတိမေ့ကာ လဲကျသွားတော့ သူလည်း မှ င်သက်စွာ သူမကို အမြန်ပွေ့ချီလိုက်ပြီး ဆရာဝန်ကိုသာ ပြေးခေါ် လို

က်ရလေသည် ။ သူမကို စမ်းသပ် ကြည့်ကြတော့ သွေးအားနည်းလို့ မူးမေ့သွားသည် တဲ့ ။ သူမကို အားဆေး တစ်လုံးထိုးခိုင်းလိုက်ပြီး အနားယူရန် အိမ်သို့ သူ ပြန်ခေါ်ဆောင် လာခဲ့လေသည် ။ သူရိယနွယ်အတွက် လိုအပ်သည့် Nurse များကို သူငှါးထား ပေးလိုက်သည် ။

မေ့ဆေးအရှိန်ကြောင့် သတိမေ့နေဆဲ သူမကို သူ့အိမ်သို့သာ ပွေ့ချီလာခဲ့လိုက်သည် ။ သူ့ခုတင်ပေါ်၌ သူမကို ညင်သာစွာ ပွေ့ချလိုက်ရင်း သူမမျက်နှာကို စူးစိုက်စွာ ကြည့်ကာ သူ ကျေနပ်စွာ ပြုံးရယ်လိုက်သည် ။

"ကံကြမ္မာက ကျွန်တော့်ဘက်မှာ ရှိနေလေလေ ခင်ဗျားကို အပိုင်သိမ်းပစ်ဖို့ နီးကပ် လာလေလေဘဲ ... ခင်ဗျားက အရမ်းလှတဲ့ မိန်းကလေး တစ်ယောက်ပါ။ ဒါပေမဲ့ ကျွန်တော့်ရင်ခုန်သံက ခင်ဗျားအတွက် မဟုတ်တော့ ခက်တယ် "

သူမကို ကြည့်ကာ သူလှောင်ရယ် ပြုံးလိုက်ပြီး အခန်းပြင်သို့ ထွက်လာခဲ့လိုက်သည် ။ သူမ နိုးလာလျှင် သောက်ဖို့ အတွက် ဆန်ပြုတ် ပူပူလေးတွေကို သူ လုပ်ထားလေ၏။ ပြီးလျှင် သူမ နိုးလောက်ပြီ အထင်နဲ့ ဆန်ပြုတ် တစ်ပန်းကန်ကို ခပ်ယူကာ သူမရှိရာသို့ သူ ပြန်ဝင်လာခဲ့လိုက်သည် ။ သို့ပေမယ့် သူမက အခုထိပင် သတိရမလာဘဲ အိပ်မောကျနေလေသည် ။ သူမအနားသို့ သူ ရွှေ့သွားပြီး သူမ၏ မျက်တောင်ဖျားလေးတွေကို ဖွဖွလေး ဖိနမ်းလိုက်သည် ။ ထိုတော့မှ သူမ မျက်တောင်လေး လှုပ်ခတ်လာကာ မျက်လုံးလေး ဖွင့် လာလေသည် ။

"သတိရ လာပြီလား "

"ဟင် ... ရှင် ဘယ်လိုဖြစ်လို့ ကျွန်မအခန်းထဲကို ရောက်နေတာလဲ "

"ဘယ်လို ဒါဘယ်သူ့အခန်းလဲ၊ သေသေချာချာ ကြည့်ပါဦးဗျာ ...

ခင်ဗျားကို ကျွန်တော် ခေါ်လာခဲ့တာ မှတ်မိလား "

"ရှင် ခေါ်လာတယ် ... ရှင် ကျွန်မကို ဘာလုပ်ခဲ့သေးလဲ ကျွန်မ သား သားလေးရော "

သားဖြစ်သူကိုသာ တတွင် တွင် မေးနေပြီး ထထိုင်ဖို့ ကြိုးစားနေသည့် သူမကို သူ ခွင့်မပြုနိုင်ဘဲ ပြန်လှဲချစေလိုက်၏။

"ခင်ဗျား အနားယူဖို့ လိုအပ်လို့ ခေါ်လာတာ၊ ဆေးရုံမှာ ခင်ဗျားရဲ့ သားကို စောင့်ရှောက်ဖို့ Special Nurseတွေ ငှါးထားပေးတယ်။ ဆေးဖိုးဝါးခတွေလည်း ကျွန်တော် ရှင်းပေးပြီးပြီ ခင်ဗျားဘက်က အနားယူပေးဖို့ ဘဲ လိုတော့တာ "

"ဘာလို့ ရှင့်အိမ်ကို ခေါ်လာရတာလဲ ... ကျွန်မ သားလေးဆီကို သွားရမယ်၊ သား ကျွန်မကို မျှော်နေတော့မှာ "

"သူ သတိရလာရင် ခင်ဗျား နေမကောင်းလို့ ခဏ အိမ်ပြန်နားနေတယ်လို့ ပြောခိုင်းထားတယ် ... စိတ်မပူပါနဲ့ ... ကိုယ့်ကိုယ်ကိုယ်ပဲ စိတ်ပူ၊ ဆန်ပြုတ်သောက်ပြီး ခင်ဗျား ဆေးသောက်ရမယ်။ ခင်ဗျား အားမရှိလို့ မူးလဲသွားတာလေ၊ ပြီးတော့ အခု အချိန်လည်း မရှိတော့ဘူး ညဥ့်နက်တော့မှာ "

"သားတစ်ယောက်လုံး ဆေးရုံမှာ ကျန်ခဲ့တာကို ဘယ်သူက စိတ်မပူဘဲ အေးဆေးနေရမှာ လဲ၊ ရှင် ကိုယ်ချင်းမစာ မပြောပါနဲ့ ... ကျွန်မကို လွှတ်နော်၊ အခုလောက်ဆို သား ငိုနေမှာ "

"ကျွတ် ခင်ဗျား အတော်ပြောရ ခက်တာဘဲ ... သူရိယနွယ် အတွက် ကျွန်တော် အားလုံး စီစဉ်ပေးထားတယ်လို့ ပြောထားတယ်လေ ... အခု ခင်ဗျားကို မလွှတ်ပေးနိုင်ဘူး မနက်ဖြန်ကျမှ ကျွန်တော်တို့ အတူတူ

သွားကြမယ် "

"ဟင့်အင်း ... ရှင် ကျွန်မကို အဲဒီလို လုပ်ပိုင်ခွင့်မရှိဘူး။ ကျွန်မ တောင်းပန်ပါတယ် ... ကျွန်မ သားကို ကျွန်မ အရမ်းသတိရနေပြီ၊ ဟင့် ကျွန်မ မချော့သိပ်ရင် သား အိပ်မှာ မဟုတ်ဘူး "

"ကျွန်တော် သိပါတယ် ခင်ဗျား မငိုရဘူးလေ ... ခင်ဗျား ငိုရင် ခေါင်းပို ကိုက်လိမ့်မယ်။ အခု ညဉ့်နက်နေပြီလေ၊ မနက်ဖြန်မှ ကျွန်တော် လိုက်ပို့ပေးမယ်နော် "

မျက်ရည်စက်လက်နဲ့ ရှိုက်ငိုနေသည့် သူမကို ရင်ခွင်ထဲသို့ ထည့်သွင်းကာ သူ ချော့သိပ်လိုက်သည် ။ ထို့နောက် သူမ၏ မျက်ရည်စ လေးတွေကို ညင်သာစွာ လှမ်းသုတ်ပေးရင်း ...

"ကျွန်တော့်ကို ယုံတယ် မဟုတ်လား "

"ဟင် "

သူမ အံ့သြမင်သက်စွာ သူ့ကို စိုက်ကြည့် လိုက်မိတော့ သူက သူမကို နူးညံ့စွာ ပြုံးပြပြီးလျှင် သူမ၏ ပါးပြင်လေးကို လက်ဖြင့် ဖွဖွလေးထိတို့ ကိုင်လိုက်ကာ သူမ၏ နှုတ်ခမ်းတစ်စုံကို သူ ညင်သာစွာ နမ်းရှိုက် လိုက် လေသည် ။ သူမ လဲ ခေါင်းတွင် တွင် ခါယမ်းရင်း သူ့ကို တွန်းထုတ် သော်ငြားလည်း သူမ၏ လက်နှစ်ဖက်စလုံးကို သူ ဖမ်းချုပ်လိုက်ပြီးလျှင် သူမကိုယ်ကို အိပ်ယာခင်းပေါ်သို့ လှဲအိပ်ချ စေလေ၏။ သူမ၏ ကျောပြင် နဲ့ မွေ့ယာစလေး ထိကပ်သွားကာမှ သူ့အနမ်းတွေကို သူ ပြန်ရုတ်သိမ်း ကာ သူမကို စူးစိုက်စွာ ငုံ့ကြည့်ပြီး ...

"ကျွန်တော် ခင်ဗျားကို လက်ထပ်ယူမှာ ပါ " ဟု နှစ်ကိုယ်တည်း ကြားအောင် သူ ရေရွတ်လိုက်ပြီး တားဆီးလို့ မရအောင် သူမ၏ မျက်နှာ

တစ်ဝိုက်သို့ သူ့အနမ်းတွေ ကျရောက် လာခဲ့ရသည် ။ သူမလည်း ကြောက်လန့်တကြားနဲ့ သူမကို တက်ဖိထားသော သူ့ရင်ဘတ်ကြီးကို မရမက ထုရိုက် တွန်းထုတ်ပေမယ့်လည်း နောက်ဆုံး သူမသာ လက်လျှော့ အရှုံးပေးလိုက် ရလေတော့သည် ။ အမှောင်ယံတွေ တဖြည်းဖြည်း နက်လာသလို အိမ်ကလေးကလည်း တိတ်ဆိတ် ငြိမ်ကျသွားခဲ့လေသည် ။ ထို့အတူ အထီးကျန်နေသည့် အငွေ့ထောင်းထောင်း ဆန်ပြုတ်ပန်းကန်ကလည်း အချိန်နဲ့ အမျှ တဖြည်းဖြည်း အေးစက် သွားခဲ့ ရလေတော့သည် ။

®®®®

ရပ်ကွက်ထဲက ဆူညံတွေကြောင့် သူမ ဖြတ်ခနဲ နိုးထလာခဲ့သည် ။ အိမ်အနေအထားကို ဝေ့ဝဲကြည့်လိုက်တော့ သူမ၏ အိမ်မဟုတ်မှန်း သိလိုက်ရသလို မနေ့ညက အဖြစ်အပျက်ကို ပြန်သတိရလာကာ အပျိုဖြန်းလေးပမာ ပါးတွေ နီမြန်းရဲတွတ် သွားခဲ့ရလေသည် ။ အိပ်ယာထဲကနေ သူမ ထရန်ပြင်လိုက်စဉ် အနောက်ကနေ သူမကို သိုင်းဖက်လာသည့် လက်တစ်စုံက ဘယ်သူဘယ်ဝါမှန်း သိနှင့်နေပြီမို့ နောက်ပြန် မကြည့်ဖြစ်ဘဲ ကျောခိုင်းထားနေမိသည် ။

"နိုးနေပြီလားဗျာ ... ဘာလို့ မောင့်ကို မကြည့်ရဲတာလဲ၊ ညက အဖြစ်အပျက်ကြောင့် မောင့်ကို ရှက်နေလို့ လား "

"ဟင့်အင်း ... ကျွန်မ သွားတော့မယ် "

"ခဏနေပါဦး ... မောင်နဲ့ ခရီးတွေလွန်ပြီးပြီလေ၊ ခင်ဗျားဘက်က ဘယ်လို ဆန္ဒတွေရှိလဲ၊ ဘယ်နေ့မှာ လက်ထပ်ချင်လဲ မောင့်ကို ပြောပြထားသင့်တယ်လေ "

"ဟင့်အင်း ... ကျွန်မ ဆေးရုံ သွားရဦးမယ် ကျွန်မကို လွှတ်ပါ ဦးရှင်ဘုရင်မင်းမြတ် ... "

"အပေါက် ဘာလို့ အရှည်ကြီးခေါ်ရတာလဲ။ မောင်လို့ ခေါ်ရင် ခင်ဗျား အတွက် မပင်ပန်းတော့ဘူးလေ ... ခဏနေမှ ကျွန်တော်တို့ သား ဆီကို အတူတူသွားကြမယ်။ ခင်ဗျား တစ်ယောက်တည်းဆို မောင် သွားခွင့်မ ပြုဘူး။ ဘာဆိုင်လဲလို့ ခင်ဗျား ပြောရင် မောင်တို့ ဆိုင်သွားပြီလေ၊ အခု မောင့်ကုတင်ပေါ်မှာ ခင်ဗျား ရှိနေတာက သက်သေအခိုင်အလုံပဲ"

"ဒါက ရှင် အနိုင်ကျင့်လို့ လေ ... "

"ဘယ်လိုဖြစ်ဖြစ် မောင်တို့ လွန်ခဲ့ပြီးပြီဘဲ ... ခင်ဗျားနဲ့ မောင် လင်မ ယားအရာ မြောက်သွားပြီ ... မောင့်ရဲ့ လူပျိုဘဝလေးကို ခင်ဗျား ယူသွား လို့ မောင့်ကို တာဝန်ယူပေးရမယ် "

"ဘယ်လို ... ဘာပြောလိုက်တယ် "

ထိုအခါမှ သူမ မျက်လုံးလေး ဝိုင်းစက်နဲ့ သူ့ကို ကျောခိုင်းထားရာက နေ လှည့်ကြည့် လာလေတော့သည် ။ သူမ အမူအယာကြောင့် သူ အသည်းယားကာ သူမ၏ ပါးမို့မို့လေးကို ဖိညစ်လိုက်သည် ။ နာသွားသ လိုနဲ့ သူမ ရှုံ့မဲ့ပြလိုက်တော့ စူပုပ်သလို ဖြစ်နေသည့် နှုတ်ခမ်းအငုံလေး ကို သူ ငုံနမ်းလေ၏။

"မောင်တို့ လက်ထပ်ကြမယ်နော် "

"ဟင့်အင်း"

"ဘာဖြစ်လို့ လဲ၊ မောင်တို့ က လက်မထပ်လို့ မဖြစ်တဲ့ အခြေအနေ ဖြစ်ကုန်ပြီလေ။ ခင်ဗျားပဲ သိက္ခာကို တန်ဖိုးထားတယ်ဆို ... မဟုတ်ရင် မောင်နဲ့ ဘာမှ မဖြစ်ခဲ့သလို ဟန်ဆောင်ချင်တာလား ... ဖုံးကွယ်လို့ ရ ရင်တောင် မောင်နဲ့ ငြိစွန်းခဲ့တဲ့ အဖြစ်အပျက်က ပျက်ပြယ် မသွားဘူး လေ "

"တော် တော်ပါတော့ ... "

"မောင်နဲ့ အိမ်ထောင်ထပ်ပြုရမှာ ကြောက်လို့ လား ... တစ်ပင်လဲ့လို့ တစ်ပင်ထူတယ်ဆိုတာ အပြစ်မှ မဟုတ်တာ ... မောင့်ကို လက်ထပ်ပါ နော် မောင် ခင်ဗျားကို တာဝန်ယူမယ် "

"တာဝန်မယူပါနဲ့ ... "

"ဟာ ... ခင်ဗျား ဘယ်လို မိန်းကလေးလဲ၊ ကျွန်တော်နဲ့ အိပ်ခဲ့တာ တောင် ဘာမှ မဖြစ်ခဲ့သလို အေးတိအေးစက်နဲ့ ... ကျွန်တော့် အမှားအ တွက် တာဝန်ယူပေးမယ်လို့ ပြောနေတယ်လေ ... ခင်ဗျား ကျွန်တော့်ကို လက်ထပ်ရမယ် ... သူရိယန္တယ် ဆေးရုံက ဆင်းတာနဲ့ ကျွန်တော်တို့ ရုံး တက် လက်မှတ်ထိုးကြမယ်။ ကျွန်တော့် တောင်းဆိုမှုကို ကြည်ကြည်ဖြူ ဖြူနဲ့ လက်မခံရင် ခင်ဗျားနဲ့ ကျွန်တော် မှားယွင်းခဲ့တာကို ပတ်ဝန်းကျင် ကို အသိပေးရလိမ့်မယ် "

"ဟင် ... ရှင် ... ရှင် ဟင့် "

"မောင်တို့ သူရိယဆီ သွားရအောင်လေ ... ခင်ဗျား သွားချင်တယ်ဆို မငိုနဲ့ တော့ ... ဟိုဘက်မှာ ရေချိုးခန်းရှိတယ် အရင်သွားချိုးနှင့်လိုက်။ မောင် ဟိုဘက်ကအိမ်မှာ ခင်ဗျား အဝတ်အစားတွေ သွားယူလာပေး မယ်"

"ကျွန်မ အိမ်ပဲပြန်မယ် ရှင့်အိမ်မှာ မနေဘူး "

"ခင်ဗျားကိုယ်ခင်ဗျား ပြန်ကြည့်ကြည့်လိုက်ဦး ... အဲဒီလိုပုံစံနဲ့ တ ကယ် အိမ်ပြန်ရဲလို့ လား "

သူ့စကားကြောင့် သူမလည်း နားမလည်စွာနဲ့ ကိုယ့်ကိုယ်ကိုယ် ပြန် ငုံ့ကြည့်လိုက်ရာ သူမ၏ အင်္ကျီတွေ သပ်ရပ်မှုမရှိစွာ တွန့်ကြေနေသလို

ကြယ်သီးတွေကလည်း ဟိုတစ်လုံး ဒီတစ်လုံး မြင်မကောင်းအောင် ပြုတ်ကြွေနေလျက်။ ထို့ကြောင့် ရင်ဘတ်ကို လက်ဖြင့် ပိတ်ကာကာ သူ့အား ကျောခိုင်း ထားလိုက်သည် ။

"ရှက်မနေပါနဲ့ ... ရေအရင် သွားချိုးလိုက်နော် မောင် ခင်ဗျားဝတ်ဖို့ အတွက် အင်္ကျီ ပြန်ယူလိုက်ဦးမယ် "

အခန်းထဲကနေ သူ ထွက်သွားတော့မှ ယူကြုံးမရစွာ သူမ ရှိုက်ငိုချလိုက်သည် ။ မွေ့ယာစလေးကို ဆုပ်ကိုင်ပြီး သူမ၏ ဘဝ ဘယ်လိုတွေ ဖြစ်ပျက်ကုန်ပြီလဲ ဆိုတာကို စဉ်းစားလို့ မရနိုင်အောင် ဖြစ်နေမိတော့သည် ။

သူ့ရေချိုးခန်းထဲ၌ သူမ ရေချိုး သန့်စင်ပြီးလျှင် အနားမှာ လှန်းထားသည့် သူ့တဘက်တစ်ထည်ကို ပတ်ခြုံကာ အခန်းထဲသို့ သူမ ပြန်ဝင်လာခဲ့လိုက်သည် ။ ကုတင်ပေါ်မှာ ငုတ်တုတ်ထိုင်ရင်း စောင့်နေသည့် သူ့ကို မြင်လိုက်ရတော့ ခြေဖျား လက်ဖျားလေးတွေ အေးစက်လို့ နေခဲ့လေသည် ။ သူ ရှိရာကို မသွားဝံ့ဘဲ ရပ်နေစဉ် သူ ထိုင်ရာကနေ ထရပ်ပြီး သူမဆီကို လျှောက်လာခဲ့လေသည် ။ တဘက် တစ်ထည်တည်းသာ ရှိသည့် သူမ၏ ကိုယ်ကို သူ ဆွဲဖက် လိုက်သည် မို့ ကြက်တိန်းတွေ တဖြန်းဖြန်း ထမိသည် အထိ ကျောချမ်းလို့ နေခဲ့လေသည် ။

"ရေချိုးတာ ကြာတယ်နော် မောင် စောင့်နေတာကြာပြီ "

"အင်း ... သား ဆီ သွားကြမယ် မဟုတ်လား "

"အွန်း ... မောင် ရေချိုးလို့ ပြီးရင် အတူတူ သွားကြမယ်လေ "

"ဒါဆို ကျွန်မ အဝတ် ... "

"ခဏ မောင် မေးကြည့်မယ်နော် ... အရင်က ခင်ပွန်းနဲ့ ခုလို မနေဖူး

ဘူးလား၊ ကြည့်ရတာ မောင့်ကိုကြောက်ပြီး ခင်ဗျား ရှက်နေသလိုပဲ၊ ဒါမှ မဟုတ် မောင်နဲ့ စိမ်းနေသေးလို့ လား"

သူ့အမေးကြောင့် သူမ ခဏမျှ ဆွံ့အငြိမ်ကျသွားပြီး ...

"ကျွန်မ ... ကျွန်မ ဒီလိုပဲ နေတတ်လို့ ပါ ... ရှင် ရေသွားချိုး လိုက်လေ၊ အခုလောက်ဆို ကျွန်မ သားလေး မျှော်နေလောက်ပြီ "

"ဒါနဲ့ မောင့်ကို လက်ထပ်မယ် မဟုတ်လား "

"အင်း ... ရှင့်ကို မယူလို့ မှ မဖြစ်တော့တာ "

သူမ အသံတိမ်တိမ်နဲ့ သူ့အား ပြောလာသည် မို့ သူ အကြပ်ကိုင်ခဲ့လို့ အရှက်တကွဲ မဖြစ်ချင်လို့ သူ့ကို လက်ခံလိုက်သည် မှန်း ရိပ်မိလိုက်သည် ။ ဒီလောက်နဲ့ သူမကျေနပ်နိုင်၊ သူမ၏ အချစ်ကို သူ ရချင်သည် ။

"ဒါဆို မောင့်ကို မချစ်ဘူးလား "

"ကျွန်မ မသိဘူး "

"မောင့်ကို လက်ထပ်တာ လွန်ကျွံခဲ့တဲ့ တစ်ညတာ အတွက်ပဲပေါ့ ... ဟုတ်လား "

"ကျွန်မ မပြောတတ်ဘူး "

"ဟုတ်ပါပြီ ... ဒီနေ့တော့ ခင်ဗျားကို ပိုင်ဆိုင်ထားရင် ရပြီ။ မနက်ဖြန်မှ ခင်ဗျားဆီက အချစ်ကို မရမက ယူတော့မယ် ... မောင့် အကြင်နာကို ခင်ဗျား ဘယ်လောက်ထိ တောင့်ခံနိုင်မှာ မို့လဲ မောင့်ကို ခင်ဗျား ချစ်ကို ချစ်ရမယ်ဗျာ "

သူမ၏ ခါးကို တင်းကြပ်စွာ ဖက်ထားပြီး သူမ၏ ခန္ဓာကိုယ် တစ်ဝိုက်ကို သူ အနမ်းတွေ ချွေချမိသည် ။ သူမ၏ ကိုယ်သင်းနံ့လေး

တွေ ၊ အသက်ရှူသံ သဲ့သဲ့လေးတွေ၊ ညည်းသံ တိုးတိုးလေးတွေက သူ့နှလုံးသား တစ်ဝိုက်ကို ဝန်းရံထားသလိုပင်။ သို့သော်လည်း သူ့နှလုံးသားထဲကို သူမ ဝင်ရောက် အခြေချဖို့ သူ ခွင့်မပြုနိုင် သူမကို အရမ်းမုန်း၏။

***